Agribiz News
www.agribiznews.com.mm
e-Paper-0009
၂၀၂၄ ခုနှစ် မေ ၁ ရက်



# မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော်၊ ဧပြီ ၂၄

မွေး မြူရေးနှင့်ကုသရေးဦးစီးဌာန၏ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသန စာတမ်း ဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၄ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်၃၆ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီ ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် တို့မှတာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများ၊ စာတမ်းရှင်များ တက်ရောက်ကြပြီး ၊ တိုင်းဒေသကြီး ပြည်နယ် ခရိုင် နှင့် မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တာဝန်ရှိသူများ က အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ စားရေရိက္ခာ အသားကဏ္ဍဖူလုံမှုတိုးတက်ရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် မွေးမြူရေး ထွက်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ရေး အတွက် မွေးမြူရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော် အစိုးရက ဘက်စုံကဏ္ဍစုံမှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာဝန်ဆောင်မှုများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ သို့အတွက် သုတေသီများ ပညာရှင်များအနေဖြင့် အဆင့်မြင့် နည်းပညာ အသစ်များ လေ့လာဖော်ထုတ်အသုံးပြုနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ဆက်စပ် ဌာနများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေး တောင်သူများ ပူးပေါင်းပါဝင်သည့် လက်တွေ့ အသုံးချ သုတေသနလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက စာတမ်းဖတ်ပွဲကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် စာတမ်းဖတ်ပွဲ အကဲဖြတ် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး အတွေ့အကြုံကောင်းရှိသူ စာတမ်းရှင်များနှင့် မျိုးဆက်သစ်လူငယ် စာတမ်းရှင်များက ဌာနမှ ဆောင်ရွက်လျက် ရှိသောတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ စစ်တမ်းများ၊ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူမှု အခြေအနေ လေ့လာသုံးသပ်ချက် စာတမ်း၊ မျိုးဗီဇဆိုင်ရာ၊ တိရစ္ဆာန် အစာအဟာရဗေဒ၊ သိုးဆိတ်မွေးမြူရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ရောဂါစူးစမ်း ရှာဖွေထောက်လှမ်းခြင်း၊ တစ်ခုတည်းသော ကျန်းမာရေး ဆိုင်ရာနှင့် ပဋိဇီဝဆေးဆိုင်ရာ သုတေသနများစာတမ်း စသည့် စုစုပေါင်း စာတမ်း ၃၁ စောင်ကို ဧပြီ ၂၄ နှင့် ၂၅ ရက်နေ့များတွင် ဖတ်ကြားတင်သွင်း ခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် မွေးမြူရေးနှင့်ကုသရေးဆိုင်ရာပညာရှင်ကြီးများကို ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ဂုဏ်ပြုပေးအပ်ခဲ့ပြီး၊ အကောင်းဆုံးစာတမ်းရှင်ဆုရွေးချယ်ခံရသူများကို အမြဲတမ်းအတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြ ကြောင်း သတင်းရရှိသည်။

MOALI

စပါးအခြောက်ခံနည်းပညာများ
စာ-၈

ငါးပုစွန်များအယ်နီညိုညက်ရောဂါကာကွယ်ရေး
စာ-၁၆



# အာဆီယံစီးပွားရေးအသိုက်အဝန်း – ၂၀၂၅ စားရေရိက္ခာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဆိုင်ရာ လုပ်ငန်းကော်မတီ ၁/၂၀၂၄ ကျင်းပ

နေပြည်တော်၊ ဧပြီ ၂၆

အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ၂၀၂၅ ၏ လုပ်ငန်းကော်မတီများတွင် ပါဝင်သည့် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဆိုင်ရာ လုပ်ငန်းကော်မတီ၏ ၁/၂၀၂၄ ညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၆ ရက်နေ့ နေ့လယ်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုး ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး က အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အတွက် မျှော်မှန်းချက်၊ မဟာဗျူဟာအစီအစဉ် (၂၀၂၁-၂၀၂၆)နှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း(၂၀၂၅)တွင်ပါရှိသောလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကြုံတွေ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှု၊ ရရှိခဲ့သည့်အကျိုးကျေးဇူးများကို ပြန်လည်သုံးသပ်ပြီး ရှေ့ လုပ်ငန်းစဉ်များကို သတ်မှတ်နိုင်ရေး အတွက် ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ကြောင်း ၊ မြန်မာနိုင်ငံက အာဆီယံ လယ်ယာ စိုက်ပျိုးရေး နှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို ၂၀၀၄ခုနှစ် နှင့် ၂၀၁၄ခုနှစ်တို့တွင် အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံ ကျင်းပခဲ့ပြီး အစည်းအဝေးများ ၏ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၄ခုနှစ် အောက်တိုဘာတွင် တတိယအကြိမ် အလှည့်ကျ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လက်တွေ့ဖော်ဆောင်နိုင်ပြီး မှတ်ကျောက်တွင်ကျန်ရစ်စေမည့် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ ရေးဆွဲ တင်ပြနိုင်ရေး ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူး က အာဆီယံ စီပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ ပါဝင်ဆောင်ရွက်ရသော အခန်းကဏ္ဍ၊ စားရေ ရိက္ခာ၊ စိုက်ပျိုးရေး နှင့်သစ်တောကဏ္ဍ၏ မျှော်မှန်းချက်၊ ပန်းတိုင်နှင့် ၂၀၂၁ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဆောင်ရွက်ချက်များ၊ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်ရမည့် ၄၆ ကြိမ်မြောက် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေး များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများ၊ ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းများကို တင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေး နွေးမှာကြားကြောင်း သတင်းရရှိသည်။

MOALI

# ပြည်တွင်းဂျုံအထွက်နှုန်း မြင့်မားသည့်အတွက် ပြည်ပမှ တင်သွင်းရမှု လျော့နည်း

ယခုနှစ် ဂျုံသီးနှံရာသီတွင် ဂျုံစိုက်ပျိုးထုတ်လုပ်သည့်ဧက တိုးလာခြင်းနှင့် အထွက်နှုန်း မြင့်မားသည့်အတွက် ပြည်ပမှ ဂျုံများ တင်သွင်းစရာမလိုဘဲ ပြည်တွင်းဂျုံပမာဏ အလုံ အလောက် ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားခဲ့ပါသည်။ ဂျုံမှုန့် (သို့) ဂျုံစေ့များကို ဝယ်ယူရမည်ဆိုပါက နိုင်ငံခြားငွေဖြင့် ပြည်ပမှ တင်သွင်းရမည်ဖြစ်သည်။ ပြည်တွင်း ဂျုံစားသုံးမှုပမာဏသည် နှစ်စဉ်မြင့်တက်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်တွင် ဂျုံစိုက်ပျိုးထုတ်လုပ်မှုမှာ အသင့်အတင့်သာ ရှိခဲ့သည်။

မြန်မာနိုင်ငံ၌ ဂျုံသီးနှံသည် စပါးပြီးလျှင် ဒုတိယအများဆုံး စားသုံးသည့် ကောက်ပဲသီးနှံ ဖြစ်သည့်အတွက် ယခုနှစ်တွင် ဂျုံစိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းများ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ပြည်ပမှ ဂျုံတင်သွင်းရန် မလိုအပ်ဘဲ ပြည်တွင်းမှ ထွက်ရှိသည့် ဂျုံ ပမာဏ လုံလုံလောက်လောက်ရှိခဲ့သည်။ ယခုနှစ်တွင် နိုင်ငံတစ်ဝှမ်းလုံးမှ ထွက်ရှိသည့်ဂျုံများ မန္တလေးဈေးကွက်သို့ ဝင်ရောက်လာခဲ့ပါသည်။ မြေပြန့်နှင့်တောင်ကုန်းတောင်တန်းဒေသ နှစ်ခုလုံး သည် ဂျုံ စိုက်ပျိုးထုတ်လုပ်ရန် သင့်တော်ပြီး အဓိက ဂျုံစိုက်ပျိုး ထုတ်လုပ်သည့်ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့ဖြစ်ကြပါသည်။ ဂျုံ မျိုးကွဲများစွာ ရှိသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ဘုတလင်နှင့် မြောင်မြို့နယ်တို့မှ ထွက်ရှိသော ဂျုံသည် အရည်အသွေး အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။



ယခင်က ပြည်ပမှတင်သွင်းသည့် ဂျုံမှုန့်နှင့် ဂျုံစေ့များအပေါ်တွင် မှီခိုအားထားခဲ့ရသည်။ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်း ဂျုံစိုက်ပျိုးထုတ်လုပ် မှုပမာဏသည် နိုင်ငံ၏ ပြည်တွင်း ဂျုံလိုအပ်မှု ပမာဏအတွက် အလုံအလောက်ရရှိမည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု ပမာဏကို လျော့ချပေးနိုင်မည်ဖြစ်သည်။ ထို့ပြင်ဂျုံစက်ရုံများလည်း ပုံမှန်လည်ပတ်လျက်ရှိသည်။ ဂျုံဈေးနှုန်း

စာ-၃ သို့




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်းအသီးသီး ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်း တစ်ကြိမ် ဖြစ် ပေါ် နိုင် ပြီး ပို မို အားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့် အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နိုင် ပြီး ကျ န် ဘ င်္ဂ လား ပ င် လ ယ် အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့် အတင့် ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ကယား ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့်နှင့်နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## နေ့အပူချိန်

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧ ရာ ဝ တီ တို င်း ဒေ သ ကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင်မေလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၄ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊မြင်းမူမြို့၊ ပခုက္ကူမြို့ နှင့် ညောင်ဦးမြို့ တို့တွင်ခြောက်ပေမှ ၁၀ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှခုနစ်ပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်နှင့် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် သုံးပေမှ လေးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေ သည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဖောင်းတူမြို့ နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊သောင်ရင်းမြစ်ရေသည် မြဝတီမြို့ တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည်ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှလေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့ တွင်နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ ■

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

စာ-၂ မှ

များသည် တစ်အိတ်လျှင် ကျပ် ၁၅၀,၀၀၀ သတ်မှတ်ထားကြောင်း ဦးစိုးဝင်းမြင့်က ပြောကြားသည်။

ဂျုံသီးနှံသည် ဆောင်းသီးနှံ ဖြစ်သည့်အတွက် တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးနိုင် ပါသည်။ ဂျုံသီးနှံအား တောင်ကုန်းတောင်တန်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ ထို့ပြင် ချင်းပြည်နယ်နှင့် ချင်းတွင်းမြစ် အထက်ပိုင်းဒေသများတွင်လည်း စိုက်ပျိုးကြပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ မုံရွာ၊ ဝက်လက်၊ ရေဦး၊ ခင်ဦး၊ မြောင်၊ မြင်း မူ မြို့ န ယ် နှ င့် မ န္တ လေး တို င်း ဒေသကြီး သဲတော၊ ဝမ်းတွင်းနှင့် မြစ်သားမြို့နယ်တို့တွင် ဂျုံ အဓိက စိုက်ပျိုးထုတ်လုပ် ကြကြောင်းသိရှိရသည်။

**နွေးနွေးအောင်**
https://www.gnlm.com

စာ-၁၆ မှ

နောက်ကျ သော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါကငါးမွေးကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ရေဒလက်များ မောင်းပေး ခြ င်း၊ မွေး မြူ ရေး က န် အ တွ င်း လေ့လှော်ပေးခြင်း စသည့် နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေးတို့ကို ဆောင်ရွက်ခြင်း၊

(စ) ငါးမွေးမြူရေးကန်များအပူချိန် လွန်ကဲမှုကြောင့် ရေခမ်းလာပါက သန့်ရှင်းသောရေသစ်များဖြည့်သွင်းပေးခြင်း၊

(ဆ)ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်း

အချုပ်အားဖြင့် ဆိုရသော်-

ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့လူသားအားလုံးသို့အကျိုးသက် ရောက်မှုရှိမည်ဖြစ်၍ မိုးလေဝသဖြစ်စဉ်များကို အစဉ် သတိပြု ဆောင် ရွက်ရန်လိုအပ်ပြီး မိုးလေဝသရာသီ ဥတုတို့အပေါ် အမှီပြုနေကြရသည့် စိုက်ပျိုးရေး/မွေးမြူရေးတို့တွင် ရာသီဥတုပြောင်းလဲမှု၏ သက် ရောက်မှုများကို ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန် လိုအပ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ဇော်ကြီး(ငါးဦးစီး)**

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဇံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မန္တလေးတွင် ကျင်းပ

နေပြည်တော်၊ ဧပြီ ၂၈

မဲ

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာထုတ်လုပ်မှုတိုးတက်မြင့်မားရေး အတွက် အထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၆ ရက်နေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်ဆွေးနွေးသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဒုတိယဝန်ကြီး က စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး လုပ်ငန်းအား အီလက်ထရောနစ်အခြေခံ E-extension ဝန်ဆောင်မှုနှင့် ဖြည့်စွက်ကျင့်သုံးရန် လိုအပ်ချက်များ၊ ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြု၍ ဈေးကွက်သတင်းများ၊ ရာသီဥတုခန့်မှန်း ချက်များ၊ သီးနှံပိုးမွှားရောဂါ စီမံခန့်ခွဲမှုနည်းပညာများ၊ သီးနှံအထွက်နှုန်းကို အကောင်းဆုံး ဖြစ်စေရန် နှင့် တောင်သူဝင်ငွေ အများဆုံးရရှိရန် အတွက် အရေးကြီးသော အခြား သတင်းအချက်အလက်များအား တောင်သူများ လက်လှမ်းမီလာကြစေရေး ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာန တာဝန်ရှိသူများနှင့် ဆီထွက်သီးနှံ အထူးဇုန် တာဝန်ခံများ က စီမံကိန်းလုပ်ငန်း ဆောင်ရွက် နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆီထွက်သီးနှံ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒ လမ်းညွှန်ချက်များ ကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအသီးသီး၏ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးမြေရေနည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဌာနနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို အသေးစိတ် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး က ဆီထွက်သီးနှံတစ်မျိုးချင်းအလိုက် စတင်စိုက်ပျိုးထုတ်လုပ်သည်မှ ဈေးကွက်နှင့် စားသုံးသူထံ ပေးပို့သည့် ထုတ်လုပ်မှုကွင်းဆက်မှ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်သည့် သုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ဦးစီးစနစ်ကို အကြားအလပ်မရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း အသေးစိတ် ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI



# သကြၤန်ပိတ်ရက် နောက်ပိုင်းကာလများတွင် ကုလားပဲဈေးနှုန်း ပြန်လည်မြင့်တက်လျက်ရှိ

ကုလားပဲဈေးကွက်အတွင်း ကုလားပဲအသစ်များ အဆမတန်ဝင်ရောက်မှုကြောင့် သင်္ကြန် ပိတ်ရက်မတိုင်မီ ကုလားပဲဈေးနှုန်းကျဆင်းခဲ့ပြီး ဧပြီ ၂၀ ရက်နောက်ပိုင်းတွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း မန္တလေး လက်ကားအရောင်းဆိုင်စာရင်းများအရ သိရှိရသည်။

ဧပြီ ၂၀ ရက်တွင် ကုလားပဲ ၃ တင်းဝင်အိတ်တစ်အိတ်လျှင် ကျပ် ၂၃၂,၀၀၀ မှ ၂၅၇,၀၀၀ ကြား ပေါက်ဈေးရှိခဲ့ပြီး၊ လာမည့်ရာသီတွင် စိုက်ပျိုးရန်အတွက် မျိုးစေ့သိုလှောင်ထားသည့် ဆီစက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူများ၏ ဝယ်လိုအား မြင့်မားမှုကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ဒုတိယပတ်တွင် ဈေးကွက်အတွင်း ရောင်းလိုအား မြင့်တက်လာခဲ့ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ၃ တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇,၀၀၀ မှ ၃၁၅,၀၀၀ အထိ ဈေးနှုန်းမြင့်တက် ခဲ့သည်။

ပြည်တွင်းစားသုံးမှုမှာ ကုလားပဲကို မှီခိုအားထားနေသောကြောင့်



လုပ်ငန်းရှင်များ၏ ဝယ်လိုအားနှင့် ဈေးနှုန်းအတက်အကျတို့ဆက်စပ်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရှိရပါသည်။

ကုလားပဲကို အောက်တိုဘာ မှ နိုဝင်ဘာအတွင်း စိုက်ပျိုးကြပြီး ဇန်နဝါရီမှ ဧပြီ အတွင်းရိတ်သိမ်းကြသည်။ ပဲခူး၊ ရောဝတီ၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိက စိုက်ပျိုးပါသည်။

မြန်မာနိုင်ငံသည် စပါး၊ ပြောင်း၊ ဝါ၊ ကြံ နှင့် ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ပဲမျိုးစုံသည် ဒုတိယအများဆုံးဖြစ်ပြီး စိုက်ပျိုးသီးနှံ ထွက်ကုန် စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းနှင့် စိုက်ပျိုးဧက၏ ၂၀ ရာခိုင်နှုန်းရှိပါသည်။ ၎င်းတို့အနက် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းမှာ ပဲစိုက်ဧက၏ ၇၂ ရာခိုင်နှုန်းဖြစ်ပြီး ကုလားပဲ၊ ပဲပိစပ်၊ ပဲလွန်းဖြူ၊ ပဲထောပတ်နှင့် ပဲနီကြားအပါအဝင် အခြားပဲများကို မြန်မာနိုင်ငံတွင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ ကျောထောက်နောက်ခံဖြစ်ပြီး နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) ကို သိသိသာသာအကျိုးပြုသည်။

မြန်မာ့ပဲမျိုးစုံသည် စိုက်ပျိုးရေးထုတ်ကုန်များအနက် ဦးဆောင်ထုတ်ကုန် တစ်ခုဖြစ်ပြီး၊ မြန်မာ့ကုလားပဲသည် ပြည်တွင်းစားသုံးမှုဖူလုံရုံမက ပြည်ပဈေးကွက်သို့ပါ အနည်းငယ် တင်ပို့ ရောင်းချနိုင်ခဲ့ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (ဧပြီ-မတ်) အတွင်း နိုင်ငံခြားကုန်သွယ်မှုမိတ်ဖက်များထံ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၄၇၈ သန်း တန်ဖိုးရှိ ကီလိုဂရမ် ၅၈၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရှိရ သည်။

မြန်မာနိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်း တန်ဖိုးရှိ ကုလားပဲ ကီလို ၁၈,၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**အေးအေးခိုင်**

Global New Light of Myanmar

# ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်ရေးနှင့် ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော်၊ မေ ၂၀

ဆီထွက်သီးနှံ အထူးဇုန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နှင့် ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် နှင့် ဒုတိယဝန်ကြီးများ ၊ အမြဲတမ်းအတွင်းဝန် နှင့် ညွှန်ကြားရေးမှူးချုပ်များ ၊ ဆီထွက်သီးနှံ အထူးဇုန် တာဝန်ခံများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်အနေဖြင့် ဆီထွက်သီးနှံ အထူးဇုန်များအတွက် မျိုးစေ့ ၊ ဓါတ်မြေသြဇာ နှင့် လိုအပ်ချက် အပြည့်အဝ ပံ့ပိုးကူညီပေးသွားမည်ဖြစ်၍ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ စိုက်ဧကမှန်ကန်ရေး ၊ သီးနှံအထွက် မှန်ကန်ရေး ၊ ပန်းတိုင် အထွက်နှုန်း ရရှိရေးတို့အတွက် ဇုန်တာဝန်ခံများ အနေဖြင့် အောက်ခြေအထိ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မူဝါဒများ စီမံခန့်ခွဲမှုများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ဧက နှင့် အထွက်နှုန်း ဆိုင်ရာ စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်စေရေးကို သက်ဆိုင်ရာ ဦးစီးဌာနအလိုက် တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် တာဝန်ယူမှု တာဝန်ခံမှုရှိစွာ ဆောင်ရွက်ကြရန် လိုကြောင်း၊ ပကတိအခြေအနေမှန်ကို အကောင်းဆုံး စီမံဆောင်ရွက်နိုင်ရေး နှင့် တိုးတက် အောင်မြင်ရေးအတွက် နည်းမှန်လမ်းမှန် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

ချည်မျှင်ရှည်ဝါသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက်နှင့် သွင်းအားစု လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးကို ဒေသအလိုက် စိစစ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ချည်မျှင်ရှည်ဝါသီးနှံဆွတ်ခူးချိန်တွင် တောင်သူများအား ဝါအရည်အသွေး အလိုက် ဆွတ်ခူး သိမ်းဆည်းခြင်း နည်းပညာပေးခြင်းကို ပညာရှင်များကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လက်ရှိ ဝါကြိတ်စက်လုပ်ငန်းများ၏စက်စွမ်းအားနှင့် ဆွတ်ခူးပြီးနောက်စက်ရုံများသို့ ရောက်ရှိသွားသည့် ဝါဂွမ်းပမာဏအား စနစ်တကျ စာရင်းကောက်ယူ၍ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်း သုံးစွဲမှုအခြေအနေမှန်ကို သုံးသပ်ပြီး ပြည်တွင်း သုံးစွဲမှု ဖူလုံစေရန် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းအား ဘဏ္ဍာနှစ်အလိုက် စီမံဆောင်ရွက်သွားမည်ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့်ဇုန်တာဝန်ခံများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများက ဖြည့်စွက် ဆွေးနွေး ခဲ့ကြသည်။

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲ၍ စားသုံးဆီဖူလုံရေး နှင့် ပြည်ပမှ ဆီတင်သွင်းမှုလျော့ချရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တိုင်းဒေသကြီး ပြည်နယ် ၇ ခု၌ ဆီထွက်သီးနှံ အထူးဇုန်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက် အထွက်နှုန်း ကောင်းမွန်သော မြေပဲ၊ နှမ်း၊ နေကြာမျိုးများကို အသုံးပြု၍ စိုက်ပျိုးနိုင်ရန် ဌာန ၊ ပုဂ္ဂလိက နှင့် မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ ပေါင်းစပ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာ နှင့် သဘာဝမြေသြဇာ ပေါင်းစပ်အသုံးပြုနိုင်ရေး အပါအဝင် ဒေသအလိုက် ရေရရှိရေး နည်းလမ်းများ ၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြု လုပ်ကိုင်နိုင်ရေး လုပ်ငန်းများ နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ၏ ပူးပေါင်းမှု တို့ဖြင့် နည်းပညာပေး လုပ်ငန်းများကို အပြည့်အဝဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိ ကြောင်း သတင်းရရှိသည်။

MOALI

■

စိုက်ပျိုးမွေးမြူရေးဆိုင်ရာသတင်း ဆောင်းပါးများနှင့် ဈေးကွက်အခြေအနေများကို
အချိန်နှင့်တပြေးညီ ဖတ်ရှုနိုင်ရန် အတွက်



GET IT ON Google Play
AgribizNews App ကို
Play Store မှာ Download ရယူပါ

တောင်သူလယ်သမားများ မိုဘိုင်းဖုန်းထဲမှာ အခမဲ့ ကြည့်ရှုနိုင်ပါသည်

# ၂၀၂၄ ပထမနှစ်လအတွင်း တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှု မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုသည် ယခုနှစ် ပထမနှစ်လတွင် ပုံမှန်တိုးတက် လျက်ရှိသည်ဟု တရားဝင်အချက်အလက်များ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။ အဆိုပါ နှစ်လအတွင်း တရုတ်နိုင်ငံသည် ကောက်ပဲသီးနှံတန်ချိန် ၁၃ ဒသမ ၃၆ သန်း တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ် နှစ် ၂၉ ဒသမ ၅၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရသည်။

သွင်းကုန်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၃ ဘီလီယံရှိပြီး ယခင်နှစ် အလားတူ ကာလထက် ၁ ဒသမ ၃၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ ဖေဖော်ဝါရီတစ်လတည်းတွင် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှုသည် တန်ချိန် ၆ ဒသမ ၇၆ သန်းနီးပါးရှိပြီး တစ်နှစ်ထက် တစ်နှစ် ၂၀ ဒသမ ၈၄ ရာခိုင်နှုန်းတိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များက ဖော်ပြထားကြောင်း သိရှိရသည်။

ကေခိုင်ကျော်

Source: https://english.news.cn/20240404/0727d6fafbb14a03ad58d137e5192464/c.html



# ခရမ်းချဉ်သီးတန်ချိန် ၁ သိန်း အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းရန် ရုရှားခွင့်ပြု

ရုရှားဖက်ဒရေးရှင်းအစိုးရသည် ၂၀၂၄ မေ ၃၁ ရက်နေ့အထိ ခရမ်းချဉ်သီး တန်ချိန် ၁၀၀,၀၀၀ အား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုခဲ့ ကြောင်း သိရှိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ခရမ်းချဉ်သီးထုတ်ကုန်ဈေးနှုန်းတည်ငြိမ်စေရ ရည်ရွယ် ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်တွင် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းများ၌ ပါဝင်သူများအား ကုန်ထုတ် လုပ်မှုပမာဏများ ဖြန့်ဖြူးခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ ထုတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းများကို အတည်ပြုခဲ့သည်။ ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် အဆိုပါစာရွက် စာတမ်းများကို ထုတ်ပေးမည်ဖြစ်သည်။

ခရမ်းချဉ်သီးတင်သွင်းမှုအပေါ် အခြေခံအကောက်ခွန်နှုန်းထားသည် ကုန်စည်တန်ဖိုး ၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ ဥရောပအာရှစီးပွားရေးကော်မရှင်(EEC) ကုန်သွယ်ရေးဝန်ကြီး Mr. Andrei Slepnev က စားသုံးသူဝယ်လိုအားတိုးလာပြီး ဖန်လုံအိမ်ခရမ်းချဉ်သီး ထုတ်လုပ်မှုသိသိသာသာ တိုးလာရန် မဖြစ်နိုင်သောကြောင့် သွင်းကုန်ထောက်ပံ့မှုသည် ရေတို ဈေးကွက်ကို ဟန်ချက်ညီ အောင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုသည်။

ရုရှားနိုင်ငံသည် နှစ်စဉ် ခရမ်းချဉ်သီးတန်ချိန် ၅ သိန်းခန့်တင်သွင်းလျက်ရှိပြီး အဓိက တင် သွင်းသောနိုင်ငံများမှာ အဇာဘိုင်ဂျန်၊ အာမေးနီးယား၊ တရုတ်၊ ဥဇဘက်ကစ္စတန်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများဖြစ်ပါသည်။ တရုတ်၊ တူကီယဲ၊ အီရန်နှင့် အီဂျစ်နိုင်ငံများ၏ ရောင်းချမှုဈေးနှုန်းသည် ပြည်တွင်းထုတ်ကုန်များ၏ ဈေးနှုန်းနှင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။

**ခွန်မျိုးသူ**

https://www.interfax.ru/russia/953474



# အိန္ဒိယ၏ ပဲမျိုးစုံတင်သွင်းမှု ယခုနှစ် ပိုမိုမြင့်တက်လာနိုင်

အိန္ဒိယသည် လယ်သမားများအတွက် မက်လုံးအမျိုးမျိုး အပါအဝင်အစီအစဉ်များစွာ ချမှတ် ဆောင်ရွက်လျက်ရှိသော်လည်း ၎င်း၏ ပြည်တွင်းလိုအပ်ချက်အတွက် ပဲမျိုးစုံတင်သွင်းမှု အပေါ်မှီခို နေရဆဲဖြစ်ပြီး ၂၀၂၃-၂၀၂၄ တွင် ပဲမျိုးစုံတင်သွင်းမှု နှစ်ဆနီးပါး မြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံအထိ ရှိခဲ့ကြောင်းသိရသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံတန်ချိန် ၂၄ ဒသမ ၅ သိန်းသာ တင်သွင်းမှုရှိခဲ့သော်လည်း ၂၀၂၃-၂၄ ဘဏ္ဍာ ရေးနှစ်တွင် တန်ချိန် ၄၅ သိန်းကျော် တင်သွင်းခဲ့ကြောင်း (တရားဝင်ကိန်းဂဏန်း ထုတ်ပြန်ခြင်းမရှိသေးသော်လည်း) ခန့်မှန်းတွက်ချက်မှုများ အရ သိရသည်။

ပြည်တွင်းဝယ်လိုအားနှင့် ဈေးနှုန်းကို ထိန်းညှိရန်အတွက် အစိုးရသည် ပဲမျိုးစုံတင်သွင်းမှု နှစ်ရှည်စာချုပ်များအတွက် ဘရာဇီးနှင့် အာဂျင်တီးနားကဲ့သို့ ဈေးကွက်သစ်များနှင့် ညှိနှိုင်းနေကြောင်း အစိုးရသတင်းရင်းမြစ်များအရသိရှိရပြီး ဘရာဇီးနိုင်ငံမှ မတ်ပဲ တန်ချိန် ၂၀,၀၀၀ ကျော် တင်သွင်းမည်ဖြစ်ကြောင်း၊ အာဂျင်တီးနားမှ ပဲစင်းငုံတင်သွင်းရန် စေ့စပ်ညှိနှိုင်းမှုမှာ နောက်ဆုံးအဆင့်နီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် မိုဇမ်ဘစ်၊ တန်ဇန်းနီးယား၊ မြန်မာ နိုင်ငံတို့နှင့်လည်း ပဲမျိုးစုံတင်သွင်းရန် စာချုပ်များ ချုပ်ဆိုထားသည်။

မကြာသေးမီလများအတွင်း တင်သွင်းမှုများ မြင့်တက်လာခြင်းသည် ပြည်တွင်းရောင်းလိုအားကိုမြှင့်တင်ရန်နှင့် ဈေးနှုန်းများကိုထိန်းသိမ်းရန်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယအစိုးရက ယခုနှစ် ဇွန်လအထိ စားတော်ပဲတင်သွင်းမှုကိုအခွန်ကင်းလွတ်ခွင့်ပြုထားသကဲ့သို့ မတ်ပဲ နှင့် ပဲစဉ်းငုံ တို့ကိုလည်း ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်နေ့အထိ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့် ပြုထား သည်။

အိန္ဒိယအစိုးရအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စတင်နေချိန်တွင် ပဲမျိုးစုံဈေးနှုန်းကြီး မြင့်မှုမှာ အဓိကစိုးရိမ်စရာဖြစ်နေပြီး ကိန်းဂဏန်းများအရ ပဲမျိုးစုံဈေးနှုန်း ကြီးမြင့်မှုသည် ယခုနှစ် မတ်လတွင် ၁၇ ရာခိုင်နှုန်းနှင့် ဖေဖော်ဝါရီလက ၁၉ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း သိရှိရသည်။

ပဲဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်အတွက် အစိုးရက ဧပြီ ၁၅ ရက် တနင်္လာနေ့တွင် ပဲမျိုးစုံသို လှောင်ထားရှိမှုအပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ပြီး ပြည်နယ်များကို စောင့်ကြည့်ထိန်းကျောင်းဆောင်ရွက်ရန် တောင်းဆိုထားသည်။

အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းအားတိုးမြှင့်သတ်မှတ်၍ အာမခံဝယ်ယူမှု အစီအစဉ်ကဲ့သို့ အစိုးရမှ တောင်သူများအတွက်မက်လုံးအမျိုးမျိုးပေးခဲ့သော်လည်း ပြည်တွင်းပဲမျိုးစုံထုတ်လုပ်မှု လွန်ခဲ့သည့် ၂ နှစ်မှ ၃ နှစ်အတွင်း ကျဆင်းနေမှုမှာ စိုးရိမ်စရာဖြစ်နေကြောင်းနှင့် ၂၀၂၂-၂၃ ခုနှစ်တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၆၁ သန်း ရှိခဲ့သော်လည်း ၂၀၂၃-၂၄ တွင် ပဲမျိုးစုံထွက်ရှိမှုမှာ တန်ချိန် ၂၃၄ သိန်းသာရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း သိရသည်။

ယခင်နှစ် မိုးရာသီတွင် ပဲမျိုးစုံထုတ်လုပ်နိုင်မှု တန်ချိန် ၇၆ ဒသမ ၂၁ သိန်းနှင့် နှုန်းယှဉ်ပါက ယခု နှစ်တွင် တန်ချိန် ၇၁ ဒသမ ၁၈ သိန်းသို့ ကျဆင်းမည်ဟု မျှော်မှန်းထားပြီး မတ်ပဲ ထုတ်လုပ်မှု သည်လည်း တန်ချိန် ၁၇ ဒသမ ၆၈ သိန်း

**စာ-၇ သို့**

# ဆီထွက်သီးနှံအထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မကွေးတွင် ကျင်းပ




နေပြည်တော်၊ မေ ၂၇

ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများနှင့် ဝါသီးနှံအထူးဇုန်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစည်းဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က နိုင်ငံတော်အတွင်း စိုက်ပျိုးထုတ်လုပ်သည့် ဆီထွက်သီးနှံများကို ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းဖူလုံမှုရှိစေရန် ရည်ရွယ်၍ ဆီထွက်သီးနှံများ အထူးဇုန်များ လျာထားသတ်မှတ် စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရအောင် ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် ဆီထွက်သီးနှံ အထူးအထွက်တိုးရေးဇုန်တာဝန်ခံများ ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားပြီး မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ စိုက်ဧက မှန်ကန်ရေး ၊ သီးနှံအထွက်မှန်ကန်ရေး၊ ပန်းတိုင် အထွက်နှုန်းရရှိရေးဆိုင်ရာများ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး အဆင့်တာဝန်ရှိသူများနှင့် ဇုန်တာဝန်ခံများက မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး အတွက် ဇုန် ၄ ခု နှင့် ဆီထွက်သီးနှံ အထူးဇုန် ၂ ခု၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး က ဆီထွက် သီးနှံများ အထူးဇုန်များ၏ လျာထားဧကပြည့် အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး အတွက် မြေပြင် ကွင်းဆင်း ဆောင်ရွက်နိုင်ရန် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှူးရုံး အစည်းဝေးခန်းမ၌ ဝါလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဝါကြိတ်ခွဲမှု အခြေအနေများ၊ မျိုးစေ့ပြန်လည်ရွေးချယ်ထုတ်လုပ်မှုအခြေအနေများ၊ ဈေးကွက်ရရှိမှုအခြေအနေများနှင့် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များကို ဆွေးနွေးမေးမြန်းပြီး ပြည်တွင်း ချည်မျှင်နှင့် အထည်လုပ်ငန်းအတွက် လိုအပ်သော ဝါဂွမ်းနှင့် ချည်မျှင်များကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုမှ ဖူလုံစွာထုတ်လုပ် ပေးနိုင်ရေးနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို အဆင့်မီသည့် ဝါဂွမ်းများထုတ်လုပ်နိုင်သည့်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော် အစိုးရ၏ မူဝါဒ လမ်းညွှန်ချက်များနှင့် ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် မကွေးတိုင်း ဒေသကြီးတွင် ရောက်ရှိနေစဉ် ပုဂ္ဂလိက ဝါစက်လုပ်ငန်းရှင်၏ ဝါဝယ်ယူ၊ ကြိတ်ခွဲ၊ ထုတ်ပိုး သိုလှောင်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး ဝါကြိတ်စက်လုပ်ငန်းများစက်စွမ်းအားပြည့် အရည် အသွေးမီ ကြိတ်ခွဲနိုင်ရေး၊ ပြည်တွင်း အထည်လုပ်ငန်း အတွက် ချည်မျှင် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး နှင့် ဝါစိုက်တောင်သူ၏ ဝင်ငွေအကျိုးအမြတ် တိုးတက်ရရှိစေရေး ၊ ပြည်တွင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြောင်းလဲလာရေးအတွက် ဌာန ၊ ပုဂ္ဂလိက နှင့် တောင်သူများ ဟန်ချက်ညီညီ ပူးပေါင်းကြိုးပမ်းရန်လိုအပ်ချက်များကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

---

စာ-၆ မှ

မှ တန် ၁၅ ဒသမ ၁၅ သိန်းသို့ ကျဆင်းမည်ဟု မျှော်မှန်းထားကြောင်း၊ ပဲတီစိမ်း ထုတ်လုပ်မှုမှာလည်း တန်ချိန် ၁၇ ဒသမ ၁၈ သိန်းမှ တန်ချိန် ၁၄ ဒသမ ဝ၅ သိန်းသို့ ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

ပြည်တွင်း ပဲမျိုးစုံထွက်ရှိမှု ကျဆင်းခြင်းသည် အဓိကထုတ်လုပ်သော ဒေသများရှိ ရာသီဥတု အခြေအနေကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြသော်လည်း စိုးရိမ်စရာအချက်တစ်ခု မှာ နွေရာသီပဲမျိုးစုံစိုက်ပျိုးဧရိယာသည် ပြီးခဲ့သည့် ၃-၄ နှစ်အတွင်း ကျဆင်းခဲ့ကြောင်း၊ ၂၀၂၁-၂၂ တွင် ဟက်တာ ၃၀၇ ဒသမ ၃၁ သိန်းရှိရာမှ ၂၀၂၃-၂၄ မှာ ဟက်တာ ၂၅၇ ဒသမ ၈၅ သိန်းအထိ လျော့ကျသွားခဲ့ ကြောင်း၊ နှစ်နှစ်အတွင်း မျိုးစေ့ချဧရိယာ ၁၆ ရာခိုင်နှုန်းနှင့် ထွက်ရှိမှု ၁၄ ရာခိုင်နှုန်းနီးပါး လျော့ကျ ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံဖြစ်သော်လည်း ပြည်တွင်းစား သုံးမှုလုံလောက်ရန်အတွက် ပဲအမျိုးအစားအချို့ကို ပြည်ပတင်သွင်းမှုအား မှီခိုနေရပြီး ယခုနှစ်များ တွင် စီးပွားရေးတိုးတက်လာမှုနှင့်အညီ ပဲစားသုံးမှု မြင့်တက်လာသကဲ့သို့ အခြားတစ်ဘက်တွင် ပဲစိုက်ပျိုးဧရိယာ ကျဆင်းလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် ပဲမျိုးစုံတင်သွင်းမှု ပိုမိုမြင့်မားနေမှုအခြေအနေတို့အား တင်ပြလိုက်ရပါသည်။

မျိုးမြင့်မောင်

India Pulses import almost doubled in 2023-24, it may raise further this year, The Economic Times,

---

စာ-၉ မှ



အသွေး အကောင်းဆုံးရရှိစေခြင်းတို့ ဖြစ်ပါသည်။ အားနည်းချက်များမှာ အစိုဓါတ် ပါဝင်မှုမြင့်မားသော စပါးများအတွက် ကြိုတင်အခြောက်ခံရန် လိုအပ်ခြင်းနှင့် လျှပ်စစ်ဓါတ်အား ပြတ်တောက်မှု ရှိပါက စပါးပျက်စီးဆုံးရှုံးမှုများနိုင်ခြင်းတို့ ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ ထုတ်ကုန် ဆန်စပါးအား အရည်အသွေးကောင်းမွန်စွာဖြင့် သိုလှောင်သိမ်းဆည်းနိုင်ရေးနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် စပါးအခြောက်ခံခြင်း နည်းစနစ်များအား ထိထိရောက်ရောက် အသုံးချရန် လိုအပ်မည် ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

**ဇော်ဇော်ထက်(စက်မှုလယ်ယာ)**

၁။ စက်မှုလယ်ယာဦးစီးဌာန၊ မိရိုးဖလာလက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ချက်များ၊ ၂၀၂၄ ခုနှစ်၊ ဖေဖေါ်ဝါရီလ။
၂။ Paddy Drying Systems by http://www.knowledgebank.irri.org/training/fact-sheets/postharvest-management/drying-fact-sheet-category/paddy-drying-systems-fact-sheet (18.10.2018)

■

# အရေးပါသော စပါးအခြောက်ခံ နည်းပညာ

ဇော်ဇော်ထက်
(စက်မှုလယ်ယာ)

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ဆန်စပါးအများဆုံးထုတ်လုပ်သော နိုင်ငံများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံ၏ အဓိကအစားအစာမှာလည်း ဆန်စပါး ဖြစ်သည်။

ယခုအခါ လယ်လုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးနှင့် အခြားသောဘေး အန္တရာယ် ကျရောက်မှု များကြောင့် အချိန်ကိုက်ဆောင်ရွက်ရသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖြစ်စဉ်တွင် စက်ကိရိယာများ ပိုမိုတိုးတက်သုံးစွဲနိုင်ရန် အရေးကြီးလာပါသည်။

သို့ပါ၍ ထွက်ရှိလာသောစပါးများအလေအလွင့်နည်းပါးစွာ ထုတ်လုပ်သိမ်းဆည်း နိုင်ရေး၊ အရည်အသွေးကောင်းမွန်စွာဖြင့် ဈေးကွက်သို့ တင်ပို့နိုင်ရေးတို့အတွက် စပါး အခြောက်ခံခြင်းဆိုင်ရာနည်းပညာအား ထိထိရောက်ရောက် အသုံးချရန် များစွာလိုအပ်ပါသည်။

## စပါးအခြောက်ခံခြင်း

စပါးအခြောက်ခံခြင်းဆိုသည်မှာ စပါးကို သိုလှောင်သိမ်းဆည်းထားနိုင်ရန် စိတ်ချရသော အစိုဓါတ်သို့ ရောက်ရှိအောင် စပါး၏အစိုဓါတ်ကို လျှော့ချပေးသော လုပ်ငန်းစဉ် ဖြစ်သည်။

အခြောက်ခံခြင်းသည် စပါးရိတ်သိမ်းပြီးလျှင် အမှားအယွင်းမရှိစေရသော အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ရိတ်သိမ်းပြီးစ စပါးသည် အစိုဓါတ် ပါဝင်မှု 20% MC နှင့်အထက် ရှိသဖြင့် အခြောက်ခံရန် ကြန့်ကြာခြင်း၊ ပြည့်စုံလုံလောက်မှုမရှိသော (သို့)အကျိုးကျေးဇူးမဖြစ်ထွန်းသော အခြောက်ခံခြင်းတို့ကြောင့် စပါးအရည်အသွေးထိခိုက်မှု၊ ပျက်စီးဆုံးရှုံးမှုစသည့် ရလဒ်များကို ခံစားရမည် ဖြစ်သည်။ စပါးအစိုဓါတ်များလေလေ၊ အရည်အသွေး ပိုကျဆင်းလေဖြစ်ပါသည်။

ရိတ်သိမ်းပြီးစပါး၏အစိုဓါတ်ပါဝင်မှုရာခိုင်နှုန်းကိုလိုက်၍ အစိုဓါတ် 25 % နှင့်အထက်ဖြစ်လျှင် ရိတ်သိမ်းပြီး ၈ နာရီ အတွင်း၊ အစိုဓါတ် 23 % နှင့် 25 % ကြားဖြစ်လျှင် ရိတ်သိမ်းပြီး ၁၆ နာရီအတွင်း၊ အစိုဓါတ် 21 % နှင့် 23 % ကြားဖြစ်လျှင် ရိတ်သိမ်းပြီး ၂ ရက်အတွင်း၊ 20 % နှင့် 21 % ကြားဖြစ်လျှင် ရိတ်သိမ်းပြီး ၄ ရက်အတွင်း အခြောက်ခံသင့်ပါသည်။

## ထားရှိသင့်သည့် အစိုဓါတ်ပါဝင်မှုရာခိုင်နှုန်းများ

အရည်အသွေးကောင်းမွန်သော စပါးအဖြစ် သိုလှောင်ထားလိုပါက မိမိတို့သိုလှောင်မည့် ကြာချိန်ကို လိုက်၍ ဇယားပါအတိုင်း ရှိသင့်သော အစိုဓါတ်ပါဝင်မှုရာခိုင်နှုန်း ရရှိအောင် ဦးစွာအခြောက်ခံရပါမည်။



### စပါးစေ့အစိုဓါတ်တိုင်းကိရိယာ

စပါးစေ့၏ အစိုဓါတ်ပါဝင်မှုရာခိုင်နှုန်းကို အောက်ပါခေတ်မီအစိုဓါတ်တိုင်းကိရိယာ(Moisture Tester)ဖြင့်တိုင်းတာနိုင်သည်။

| စဉ် | လုပ်ငန်းစဉ် | ထားရှိရမည့် အစိုဓါတ် ပါဝင်မှုရာခိုင်နှုန်း | ရှိသင့်သည့် အစိုဓါတ်ရာခိုင်နှုန်း မရှိပါက ဖြစ်နိုင်သည့်ပြဿနာများ |
|---|---|---|---|
| ၁။ | ကာလတိုသိုလှောင်ခြင်း (ရက်သတ္တပတ် ၂ ပတ်မှ ၃ ပတ်) | 14~18% | မှိုကပ်ခြင်း၊ အရောင်ပျက်ခြင်းနှင့် ပိုးစားခြင်း |
| ၂။ | ကာလလတ်သိုလှောင်ခြင်း (၈လမှ တစ်နှစ်အတွင်း) | < = 13% | ပိုးစားခြင်း |
| ၃။ | ကာလရှည်သိုလှောင်ခြင်း (တစ်နှစ်နှင့်အထက်) | < = 9 % | ဆန်အရည်အသွေးများကျဆင်းခြင်း |
| ၄။ | မျိုးစပါးအဖြစ်သိုလှောင်ခြင်း | < = 12% | အပင်ပေါက်နိုင်စွမ်းကျခြင်းနှင့် ပင်ပွားနှုန်းမကောင်းခြင်း |
| ၅။ | ကြိတ်ခွဲခြင်း | < = 14% | ဆန်ကြေခြင်း |



### အခြောက်ခံ/သိုလှောင်နည်းလွဲမှားမှုကြောင့် တွေ့ကြုံရသည့်ပြဿနာများ

နည်းစနစ်မမှန်သော အခြောက်ခံခြင်း(သို့) သိုလှောင်ခြင်းတို့ကြောင့် ထုတ်ကုန် ဆန်စပါးတွင် အောက်ပါပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။

(က) **စပါးထုအတွင်းအပူချိန်မြင့်တက်လာခြင်း** (စိုစွတ်သောစပါးများကို စုပုံထားလျှင် အပူဓါတ်ဖြစ်ပေါ်ကာ မှိုနှင့်အင်းဆက်ပိုးမွှားများ ကြီးထွားလာနိုင်မှုကို တွန်းအားပေးစေသည်။)

(ခ) **မှိုတက်ခြင်း**(စပါးများအတွင်း ရောဂါများပြန့်နှံ့စေသည်။ စပါးများအတွင်းသို့ အဆိပ်များ ထုတ်လွှတ်ပေးသောကြောင့် ဆန်ပျက်စီးစေနိုင်သည်။)

(ဂ) **အင်းဆက်များပျံ့နှံ့ကျရောက်ခြင်း** (စပါးများသိုလှောင်ရာတွင် အင်းဆက်ပိုးမွှား အန္တရာယ်သည် အမြဲပင်ရှိရာ အစိုဓါတ်နည်းလျှင် အင်းဆက်ပေါက်ပွားမှုနည်းပါးပါသည်။ လက်ခံနိုင်သော အင်းဆက်ပိုးမွှားတည်ရှိမှုမှာ တစ်ကီလိုဂရမ်လျှင် အင်းဆက် ၄ ကောင်ထိသာဖြစ်သည်။ စနစ်တကျ အခြောက်ခံခြင်းနှင့် စနစ်တကျသိုလှောင်ခြင်း ဖြင့် အရည်အသွေးအား ထိန်းသိမ်းနိုင်ပါသည်။)

(ဃ) **အရောင်ပျက်ခြင်း(သို့) အဝါရောင်သမ်းခြင်း** (အချိန်မီအခြောက်ခံခြင်းမပြုလုပ်နိုင်လျှင်စပါးထုအတွင်း အပူချိန်တိုးမြင့်လာခြင်းကြောင့် အဝါရောင်ဆန် ဖြစ်ပေါ်စေပါသည်။ ဈေးကွက်တွင် ဈေးကောင်းရရှိရန် ခက်ခဲစေပါသည်။)

(င) **အပင်သန်စွမ်းမှုနှင့် အပင်ပေါက်နှုန်း လျော့ကျခြင်း** (အစိုဓါတ်များသောစပါးများသည် အပင်ပေါက်နှုန်းလျော့ကျနိုင်ကာ ပေါက်လာမည့်အပင်သန်စွမ်းမှုကိုလည်း ထိခိုက်နိုင်သည်။မှိုနှင့်ရောဂါများကြောင့် အပင်ပေါက်နှုန်းကို လျော့ကျစေနိုင်သည်)

(စ) **လတ်ဆတ်မှုနည်းပါးခြင်း (သို့) မကောင်းသောအနံ့အသက်များထွက်ခြင်း** (စပါးထုအတွင်းအပူချိန်တိုးလာသည်နှင့်အမျှ ဆန်တွင် မှိုတက်၍ မကောင်းသော အနံ့ (အောက်နံ့) များ ထွက်ရှိကာ ဈေးကောင်းရရန် ခက်ခဲမည်ဖြစ်သည်။ မှိုစွဲပြီး မှိုအဆိပ်သင့်မှုတိုးပွားလာခြင်းကြောင့် ဆန်အားစားသုံး၍ မရနိုင်အောင် ဆန်သား ပျက်စီးသွားနိုင်ပါသည်။)

(ဆ) **ဆန်အထွက်နှုန်းလျော့ကျစေနိုင်ခြင်း** (စွတ်စိုနေသော စပါးစေ့နှင့်ခြောက်သွေ့နေသော စပါးစေ့များ ရောနှောထားခြင်းနှင့် ခြောက်သွေ့နေသော စပါးစေ့များအား စွတ်စိုသော လေနှင့်ထိတွေ့စေနိုင်ခြင်းတို့ကြောင့် ခြောက်သွေ့သော စပါးမှာ ပြန်၍အစိုဓါတ်ရရှိစေသဖြင့် စပါးစေ့တွင်း အက်ကြောင်းများ ဖြစ်ပေါ်စေသည်။ စပါးစေ့အတွင်း အက်ကွဲခြင်းသည် ကြိတ်ခွဲသောအခါ ဆန်အကျိုးအကြေများ ဖြစ်ပေါ်စေနိုင်ပါသည်။ ဆန်ရိုးကောင်း (လုံးပြည့်ဆန်) ရရှိစေနိုင်မှုအား လျော့ကျစေပါသည်။)

## အခြောက်ခံနည်းများ

စပါးကို သမားရိုးကျ အခြောက်ခံခြင်း နှင့် စက်စွမ်းအား အသုံးပြု အခြောက်ခံခြင်း ဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ သမားရိုးကျအခြောက်ခံခြင်းတွင် နည်းလမ်းနှစ်မျိုးရှိသည်-

(က) **လယ်ကွက်အတွင်း စုပုံအခြောက်ခံခြင်း**

တစ်ရက်လျှင် အစိုဓါတ်ပါဝင်နှုန်း တစ်ရာခိုင်နှုန်းခန့်သာ လျော့ကျစေနိုင်ပါသည်။ ဆန်စပါး အရည်အသွေး ကျဆင်းလွယ်သည်။ ဆန်စပါး အရည်အသွေးကောင်း ရရှိရန်မှာ ဖြစ်နိုင်ချေ မရှိပေ။ ထို့ကြောင့် လယ်ကွက်အတွင်း စုပုံအခြောက်ခံခြင်းအား ရှောင်ရှားသင့်ပါသည်။

(ခ) **နေပူလှန်းအခြောက်ခံခြင်း**

စပါးစေ့များအား ဖျာ၊ ပလပ်စတစ် (သို့) မိုးကာဖျင်များပေါ်တွင် ဖြန့်၍ အခြောက် လှန်းနိုင်သည်။ ခဲနှင့်အခြားအမှိုက်သရိုက်တို့ ရောနှောညစ်ပေစေမှုနည်းပါးစေသည်။ စပါးထုအား အထက်အောက်လှန်ပေးရန် လွယ်ကူသည်။ ရုတ်တရက်မိုးရွာပါ

စာ - ၉ သို့

စာ-၈ မှ



က အလွယ်တကူ သိမ်းဆည်းနိုင်ပြီး ကုန်ကျစရိတ် နည်းပါးသည်။

အားနည်းချက်များမှာ အလုပ်သမား များများလိုအပ်ပါသည်။ ဆန်အရည်အသွေး ကျဆင်းစေနိုင်သည်။ နေပူလှန်းအခြောက်ခံခြင်းအတွက် ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်သင့်သည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အစီအမံပြုလုပ်ခြင်း

စပါးထုအထူ ၄ စင်တီမီတာ(၁.၆ လက်မ)ခန့်သာထားရှိသင့်သည်။ မိနစ် ၃၀ လျှင် တစ်ကြိမ် အထက်အောက်လှန်မွှေပေးသင့်သည်။ အစိုဓါတ်ပါဝင်မှုရာခိုင်နှုန်းအား ပုံမှန်တိုင်းတာစစ်ဆေးကြည့်ရမည်။ အပူချိန်ကို တိုင်းတာကြည့်ရမည်။

(၂) အကာအကွယ်ပြုလုပ်ခြင်း

အပူချိန် (၅၀~၆၀) ဒီဂရီ စင်တီဂရိတ်အထိ ရောက်ရှိလာပါက စပါးပြန့်အားဖုံးအုပ်ကာကွယ်ထားရမည်။ မိုးမိမခံရပါ။ မိုးရွာလျှင် ဖုံးအုပ်ထားရမည်။ အမှိုက်သရိုက် အညစ်အကြေးများ မရောနှောစေရန် ဂရုစိုက်ရမည်။ တိရစ္ဆာန်များ ဝင်ရောက်ခြင်းမရှိစေရပါ။



## စက်စွမ်းအားအသုံးပြု အခြောက်ခံခြင်း

စပါးအခြောက်ခံစက်တစ်လုံးတွင် ပါဝင်သော အဓိကအစိတ်အပိုင်းများ အခြောက်ခံကန် (Drying Bin)၊ လေဖြန့်ဝေမှုစနစ် (Air Distribution System)၊ လေမှုတ်ပန်ကာ (Blower Fan)နှင့် အပူပေးမီးဖို (Furnace) တို့ဖြစ်ပါသည်။ အထောက်အကူပြုကိရိယာများမှာ ကြိုတင် သန့်စင်ကိရိယာ (Pre-cleaner)၊ အစိုဓါတ်တိုင်းတာမှုကိရိယာ (Moisture Meter)၊ အပူတိုင်း ကိရိယာ (Thermometer)၊ သယ်ပို့စနစ် (Conveyors and Elevator)နှင့် ဖုန်စုပ်စနစ် (Dust Collection System) တို့ ဖြစ်သည်။

အခြောက်ခံစက်၏ အခြောက်ခံနှုန်းကို တစ်နာရီအတွင်းလျော့နည်းသွားသော အစိုဓါတ် ရာခိုင်နှုန်းဖြင့် ဖော်ပြပါသည်။ စပါး၏အတွင်းဆန်သားမပျက်စီးစေရန်အတွက် အခြောက်ခံစက် များ၏ အခြောက်ခံနှုန်းများမှာ (0.5~1)% MC / hr အတွင်းသာ ဖြစ်ရပါမည်။

## စပါးအခြောက်ခံစက်အမျိုးမျိုး

စပါးအခြောက်ခံစက်များကို ၎င်းတို့၏ အလုပ်လုပ်ကိုင်ပုံကိုလိုက်၍ အဓိကအားဖြင့် အလျားလိုက် အခြောက်ခံစက် (Fixed Bed Dryer)၊ ဒေါင်လိုက်အခြောက်ခံစက် (Re-circulating Batch Dryer)၊ စပါးများစဉ်ဆက်မပြတ်ဖြတ်သန်းစေသောအခြောက်ခံစက် (Continuous Flow Dryer)နှင့် အကြီးစား သိုလှောင်အခြောက်ခံစက် (Silo) ဟူ၍ ၄ မျိုးခွဲခြားနိုင်သည်။

### အလျားလိုက် အခြောက်ခံစက် (Fixed Bed Dryer)

ဤအခြောက်ခံစက်မျိုးတွင် အခြောက်ခံကန်ရှိ လေဖြတ်စီးနိုင်သော အပေါက်လေးများ ပါသည့် ကြမ်းခင်းပေါ်သို့ စပါးများ ဖြန့်ခင်းထားရပြီး မီးဖိုဖြင့် အပူပေးထားသောလေကို အခြောက်ခံကန်၏



ကြမ်းခင်းအောက်ခြေသို့ ရောက်အောင် ပန်ကာဖြင့်မှုတ်ပေးပြီး လေပူများ ဖြတ်စီးစေခြင်းဖြင့် အခြောက်ခံရသည်။ စပါးတစ်ပြင်လုံး လေပေးအားနှင့် အပူချိန်တူညီရန် လိုအပ်သည်။ အောက်ခြေကြမ်းခင်းနှင့် နီးသောစပါးမှာ အခြောက်မြန်ပြီး အပေါ်ဘက်မှာ အခြောက်နှေးသောကြောင့် အစိုဓါတ်ကွာခြားနိုင်သည်။ ထို့ကြောင့် သတ်မှတ်ထားသော စပါးထုအမြင့်ထက် ပို၍အသုံးမပြုခြင်း၊ စပါးများအထက်အောက် မွှေပေးခြင်း များ ပြုလုပ်ပေးရမည်။

ဤအခြောက်ခံစက်၏အားသာချက်များမှာ ကုန်ကျစရိတ်နည်းပါး၍ လုပ်ကွက်ငယ်တောင်သူများအတွက် သင့်တော်ခြင်း၊ ထုတ်လုပ်ရန် လွယ်ကူခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရန် ကျွမ်းကျင်လုပ်သား မလိုအပ်ခြင်းတို့ ဖြစ်သည်။ အားနည်းချက်များမှာ လုပ်သားအင်အားများများ လိုအပ်ခြင်းနှင့် စပါးအစိုဓါတ်ကွာခြားနိုင်ခြင်းတို့ ဖြစ်သည်။

### ဒေါင်လိုက်အခြောက်ခံစက် (Re-circulating Batch Dryer)

ဤအခြောက်ခံစက်သည် အလျားလိုက်နိမ့်နိမ့် တည်ဆောက်ထားခြင်းမဟုတ်ဘဲ ဒေါင်လိုက် မြင့်မြင့် တည်ဆောက်ထားသည်။ အခြောက်ခံလိုသော စပါးကို ခပ်ခွက်တိုင် (Bucket Elevator) အဝင်တွင် ထည့်ပေးရပြီး ၎င်းခပ်ခွက်တိုင်ဖြင့် အပေါ်သို့ တင်




ပေး၍ အခြောက်ခံကန်တွင်း ထည့်ပေးရသည်။ တစ်ကြိမ် အခြောက် ခံနိုင်သောပမာဏ ပြည့်သည်အထိ ထည့်ပေးရသည်။

အခြောက်ခံကန်၏ အောက်ပိုင်းတွင် လေပူများဖြတ်စီးစေသော အခြောက်ခံဖုံ့ရှိသည်။ ၎င်းအခြောက်ခံဖုံ့သို့ ဖြည်းဖြည်းချင်း ဖြတ်သွားစေရန် လေးမြောင့်ဒလက်ဖြင့် လွန်ပေါ်သို့ ချပေးသည်။ ၎င်းကျလာသော စပါးများကို လွန်ဖြင့် သယ်ထုတ်ပေးပြီး ခပ်ခွက်တိုင်သို့ ပို့ပေး၍ ကန်အပေါ်ဘက်မှ ပြန်ထည့်ပေးသည်။ ဤနည်းဖြင့် အခြောက်ခံကန်ထဲရှိ စပါးများ အားလုံး အခြောက်ခံဖုံ့ကို ဖြတ်၍ အကြိမ်ကြိမ် အခြောက်ခံစေပါသည်။ လိုချင်သော သိုလှောင်နိုင်သည့် အစိုဓါတ်သို့ ရောက်ရှိသောအခါ ခပ်ခွက်တိုင်ထိပ်မှ ကန်အတွင်းသို့ မထည့်ဘဲ ကန်အပြင်သို့ ထုတ်ပေးသည်။

ဤနည်းစနစ်သည် စပါးများကို မွှေပေးလိုက်သလို ဖြစ်၍ အစိုဓါတ်ကွာခြားမှုနည်းခြင်း၊ ကန်အပေါ်ပိုင်း အခြောက်ခံဖုံ့မရောက်မီအထိ အချိုးကျထိန်းညှိ အအေးခံ နည်းစနစ် ဖြစ်ပေါ်နေသဖြင့် စပါးအတွင်း ဆန်သားနှင့် စပါးခွံတို့အကြား အစိုဓါတ်ကွာခြားမှုနည်းပါးစေသောကြောင့် ဆန်သားအက်ကြောင်းဖြစ်မှုလျော့နည်းစေပါသည်။ထို့သို့ အထက်အောက်လှည့်ပေးခြင်းဖြင့် ဖုံမှုန်များ ထွက်လာနိုင်သဖြင့် အခြောက်မခံခင် စပါးသန့်စင်ကိရိယာဖြင့် သန့်စင်ထားသင့်သည်။

ဤအခြောက်ခံစက်၏အားသာချက်များမှာ စပါးထုအား ထက်၊ အောက်လှည့်ပေးနိုင်သဖြင့် စပါးအရည်အသွေး ပိုမိုကောင်းမွန်ခြင်းနှင့် များများအခြောက်ခံနိုင်ခြင်းတို့ ဖြစ်ပါသည်။ အားနည်းချက်များမှာ လုပ်ငန်းဆောင်ရွက်ရန် ကျွမ်းကျင်လုပ်သားလိုအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများခြင်းနှင့်ပြင်ဆင်ထိန်းသိမ်းစရိတ်ကြီးခြင်းတို့ ဖြစ်ပါသည်။

### စပါးများ စဉ်ဆက်မပြတ်ဖြတ်သန်းစေသောအခြောက်ခံစက် (Continuous Flow Dryer)

ဤအခြောက်ခံစက်မျိုးကို လုပ်ငန်းပမာဏကြီးမားသော ဆန်စက်ကြီးများတွင် အသုံးပြုကြသည်။ ဤစနစ်တွင် အခြောက်ခံသည့်ကိရိယာအပိုင်းသာမက အအေးခံကန်






(Tempering Bins) များ၊ စပါးသယ်ပို့ကိရိယာများနှင့်ပါ တွဲဖက်အသုံးပြုကြပါသည်။

Continuous Flow ဆိုသော်လည်း စပါးများကို အခြောက်ခံဖုံ့တွင် တစ်ကြိမ်တည်းဖြင့် ဖြတ်သန်း၍ အလိုရှိသော အစိုဓါတ်သို့ မရောက်ရှိပါ။ ထို့ကြောင့် စပါးသစ်များ စဉ်ဆက်မပြတ် ဖြတ်သန်းစေ၍မရပါ။ တစ်ကြိမ်အခြောက် ခံဖုံ့ကို ဖြတ်သန်းပြီး စပါးများကို အအေးခံကန်တွင် ထားရှိခြင်းစနစ်အရ အအေးခံကန်များစွာထားရှိ၍ အလှည့်ကျ အကြိမ် ကြိမ်ဖြတ်သန်းစေခြင်းဖြင့်သိုလှောင်နိုင်မည့် လိုချင်သောအစိုဓါတ်ရရှိစေရန် ဆောင်ရွက်ပေးပါသည်။

ဤအခြောက်ခံစက်၏အားသာချက်များမှာ စပါးပမာဏများများ အခြောက်ခံနိုင်၍ စီးပွားရေးအရ တွက်ချေကိုက်ခြင်း ဖြစ်ပါသည်။ အားနည်းချက်များမှာ နည်းပညာမြင့်မား၍ ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်ခြင်းနှင့် အခြောက်ခံမည့်စပါးမျိုးတူအရေအတွက်များများအတွက်သာ သင့်တော်ခြင်းတို့ ဖြစ်ပါသည်။

### အကြီးစားသိုလှောင် အခြောက်ခံစက်(Silo)

ဤအခြောက်ခံစက်မျိုးတွင် အစိုဓါတ် 18% MC နှင့်အောက်ရှိသော စပါးကိုသာ အခြောက်ခံသင့်သည်။ အဆောက်အဦကြီးမားသော သိုလှောင်ရုံကြီးများတွင် ကြမ်းပြင်မှ လေပေးမြောင်းများ ထည့်၍ တခါတည်းသိုလှောင်ပြီး အခြောက်ခံခြင်း ဖြစ်ပါသည်။ အပူချိန်နည်းနည်းဖြင့် တဖြည်းဖြည်းအခြောက်ခံခြင်းကြောင့် ဆန်ရည်ဆန်သား ပိုမိုကောင်း မွန်စေသည်။

ဤအခြောက်ခံစက်၏အားသာချက်များမှာ စပါးများစွာ သိုလှောင်အခြောက်ခံနိုင်ခြင်းနှင့် စပါးအရည်

စာ-၇ သို့



# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃)

ကွင်းစလန်တက္ကသိုလ်၊ ဩစတေးလျနိုင်ငံ

ဒေါက်တာမျိုးကြွယ်

(ယခင်အပတ်မှအဆက်)

(င) စိုက်ပျိုးစီးပွားရေးပညာ (Agri-cultural Economics)
ကျွန်တော် တို့တက္ကသိုလ်တွင် တက်ရောက်ခဲ့သူ မရှိပါ၊ အာမီဒေးလ်မြို့ နယူးအင်္ဂလန်တက္ကသိုလ် (The Uni-versity of New England, Armidale) တွင်တော့ ဦးဘွန်သိန်း၊ ဒေါ်ချိုချိုဝင်း၊ ဒေါက်တာဒေါ်လီကျော်တို့ တက်ရောက်ခဲ့ပါသည်၊ အားလုံးအငြိမ်းစား ယူကုန်ကြပါပြီ၊ ဆစ်ဒနီတက္ကသိုလ် (Sydney University) တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဒေါက်တာတင်စိုး စိုက်ပျိုးစီးပွားရေးပညာ ပါရဂူဘွဲ့ ရခဲ့ပါသည်၊ ယခုတော့ဆရာ ကွယ်လွန်သွားပြီဟု ကြားသိရပါသည်၊

(စ) မြေဆီလွှာသိပ္ပံ (Soil Science)၊ ဆရာကြီးဦးညွန့်ရွှေ တက်ရောက် ဘွဲ့ရခဲ့ပါသည်။

(ဆ) စိုက်ပျိုးရေးဆိုင်ရာကီဝိလဗေဒ (Agricultural Entomology) ဆရာကြီး ဒေါက်တာမြင့်သောင်း၊ ဦးခင်မောင်သန်း၊ ဦးရန်လင်း ဒေါက်တာအောင်ကြည်၊ ဒေါ်ဝင်းဝင်းမြင့်တို့ တက်ရောက်ဘွဲ့ရခဲ့ပါသည်။

(ဈ) စိုက်ပျိုးပညာပေးရေး (Agricultural Extension) ဒေါက်တာဒေါ်ခင်ဦး တက်ရောက်ဘွဲ့ရခဲ့ပါသည်။

(ည) သဘာဝအရင်းအမြစ်များ စီမံထိန်းသိမ်းရေး (Natural Resources management) ဘယ်သူမှ မတက်ရောက်ခဲ့ရပါ၊

(ဋ) အပင်မျိုးစပ်မွေးမြူရေး (Plant Breeding) ဘယ်သူမှ မတက်ရောက်ခဲ့ရပါ၊

(ဌ) ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး နှင့် စီမံကွပ်ကဲရေး (Rural Development, Administration and Management) ဘယ်သူမှ မတက်ရောက်ခဲ့ရပါ၊

ကျွန်တော်တို့နိုင်ငံမှာ ထိုစဉ်က ကိုလံဘိုစီမံကိန်း (Colombo Plan) အရ ဩစတေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Australian International Development Assistance Bureau - AIDAB) က ကူညီမှုဖြင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် သစ်တောအပါအဝင် အင်ဂျင်နီယာ စီးပွားရေး၊ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ အပါအဝင်မှ တစ်နှစ်လျှင် ၁၀ ဦး မှ ၂၀ ဦးခန့်သာ ပညာတော်သင် ရရှိပါသည်။ အများစုကတော့ မြန်မာနိုင်ငံတက္ကသိုလ် အသီးသီးရှိ ဆရာ၊ ဆရာမများပေါ့။

ထိုအချိန်တွင် ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် စသည့်နိုင်ငံများက ကိုလံဘို စီမံကိန်း အပါအဝင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုး ရေးဘဏ် စသည့် စီမံကိန်းများစွာဖြင့် တစ်နှစ်လျှင် ဦးရေ ၁၀၀-၂၀၀ ခန့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (Human Re-source Development - HRD) အတွက် ဩစတေးလျ (Australia)၊ အမေရိက (US)၊ ယူကေ (UK)၊ ဥရောပ (Europe)၊ ဂျပန် (Japan)၊ ကိုရီးယား (Korea) စသည့်နိုင်ငံများသို့ အပြိုင်အဆိုင် စေလွှတ်နေကြရာ နှစ်တိုင်း ၁၀ ဆမှ အဆ ၂၀ စသည်ဖြင့် ကွာချင်တိုင်း ကွာသွားပါတော့သည်။

ထိုစဉ်က တရုတ်နိုင်ငံ (China) မှ သူငယ်ချင်းများနှင့်တွေ့ရာ သူတို့နိုင်ငံ နိုင်ငံခြားပညာသင် မူဝါဒ (Foreign Study Policy) အရ ကျောင်းသားပေါင်းများစွာ (ရာ၊ ထောင်ချီ၍) ကို နိုင်ငံတော် ဘဏ္ဍာငွေ ပညာတော်သင်ဆု (State Scholarships) ဖြင့် ၃ လစာ ပေးလွှတ်လိုက်ပြီး ပညာဆုံးခန်းတိုင်အောင်တော့ ကိုယ်အားကိုယ်ကိုး စနစ်ဖြင့် လုပ်ဆောင်ဟု ညွှန်ကြားလိုက်ကြောင်း နားထောင်မိပါသည်။ ဘွဲ့ရပြီး မိမိနိုင်ငံ မပြန်တဲ့သူကလည်း အနည်းဆုံး မိမိဆွေမျိုးသားချင်း၊ အိမ်ထောင်စုသို့ ငွေပြန်ပို့ကြရာ တနည်းအားဖြင့် နိုင်ငံခြားဝင်ငွေ (Foreign Exchange – FE) များစွာ ရရှိသွားပါတော့သည်။

ထိုစဉ်က ကျွန်တော်တို့နှင့် အတူတူ ကျောင်းတက်ခဲ့ရသည့် ထိုင်းနိုင်ငံဆိုလျှင်လည်း ယခု ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thailand International Development Agency - TICA) ဖွဲ့စည်းပြီး မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားမှ ကျောင်းသားများကို ထောက်ပံ့အကူအညီပေးရာ မြန်မာ ကျောင်းသား၊ ကျောင်းသူများသည်ပင် ထိုင်းနိုင်ငံ တက္ကသိုလ်များသို့ သွားရောက်ပညာဆည်းပူးနေရသည့်အဆင့်သို့ ရောက်သွားပါပြီ၊ ကျွန်တော်တို့ စိတ်ဓာတ်ကျစရာတော့မလိုပါ၊ ကြိုးစားရပါမည်။

၂၀၁၇-၁၈ ကျွန်တော် ကွင်းစလန်တက္ကသိုလ် ပြန်ရောက်တော့ စုစုပေါင်းကျောင်းသား ငါးသောင်းကျော် ရှိနေပြီး (ဘွဲ့လွန်ကျောင်းသား နှစ်သောင်းကျော်) မဟာဌာနပေါင်း (Faculties) ၆ ခု ရှိပြီး ပေါင်းတန်ပေါင်း၊ ဖြုတ်တန်ဖြုတ်၊ အသစ်ထပ်ထည့်တန်ထည့် စသည်ဖြင့် ပြောင်းလဲနေသည့် ခေတ်၊ စနစ်နှင့်အညီ ပြုလုပ်နေပါသည်။

ကွင်းစလန်တက္ကသိုလ်ရှိ မဟာဌာနများကတော့...

**(က) ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ဥပဒေမဟာဌာန** (Faculty of Business, Economics and Law)

စိုက်ပျိုးစီးပွားရေးပညာကို အသေးစိတ်လေ့လာလိုပါက မိမိစိုက်ပျိုးရေး ဘာသာ များသာမက ဤမဟာဌာနမှ သက်ဆိုင်သောဘာသာရပ်များ ပူးတွဲတက်ရောက်ခွင့် အခွင့်အလမ်းလည်း ရသွား ပါသည်၊ မြန်မာနိုင်ငံတွင်မူ စိုက်ပျိုးရေး တက္ကသိုလ်ကသတ်သတ်၊ စီးပွားရေးတက္ကသိုလ်က တစ်နေရာစီ သတ်သတ်စီ ဖြစ်နေတော့ ကျောင်းသားတွေ ဘာသာရပ်အစုံ သင်ယူခွင့် (Credit Transfer with Cross-enrolment) ပြုနိုင်ပါကအလွန်ကောင်းမွန်ပါလိမ့်မည်။

**(ခ) သိပ္ပံမဟာဌာန (Faculty of Science)**

ဤမဟာဌာနအောက်တွင်...

**(ခ-၁) စိုက်ပျိုးရေးနှင့်အစားအသောက်သိပ္ပံအဆင့်မြင့်ကျောင်း (School of Agriculture and Food Sciences)**

ကျွန်တော်တို့တုန်းက အစားအသောက်သိပ္ပံ (Food Science) ဘာသာရပ် မရှိသေးပါ၊ ယခုခေတ်တွင်တော့ သူကအရေးပါလာပါပြီ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း အထူးပြုဘာသာ အဖြစ် စတင်သင်ကြားနေပါပြီ။

ကွင်းစလန် တက္ကသိုလ်၌ ယခုအချိန် ဘွဲ့ကြိုကျောင်းသား အထူးပြုဘာသာရပ်များ အနေနှင့် . .

- စိုက်ပျိုးရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးပညာ (Agribusiness)
- စိုက်ပျိုးမွေးမြူရေးပညာ (Agriculture)
- အပင်သိပ္ပံ (Plant Science)
- မြေဆီလွှာသိပ္ပံ (Soil Science)
- မွေးမြူရေးသိပ္ပံ (Animal Science)
- အစားအသောက်သိပ္ပံ (Food Science)
- တောရိုင်းတိရစ္ဆာန်များဘာဆိုင်ရာသိပ္ပံ (Wildlife Science)
- မြင်းမွေးမြူရေး၊ အသုံးပြုမှုနှင့် ဆိုင်သောသိပ္ပံ (Equine Science)

စသည်တို့ သင်ကြားလျက် ရှိနေပါသည်။

တောရိုင်းတိရစ္ဆာန်များဘာဆိုင်ရာသိပ္ပံနှင့် မြင်းမွေးမြူရေး၊ အသုံးပြုမှု နှင့်ဆိုင် သောသိပ္ပံမှာ သူတို့နိုင်ငံအတွက်အသုံးဝင်၍ အထူးပြု အနေဖြင့် ထည့်ထားခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ အပါအဝင် စိုက်ပျိုးရေးနိုင်ငံများ ယနေ့ခေတ် လိုအပ်လျက်ရှိသော စိုက်ပျိုး

စာ-၁၃ သို့




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်စျေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၉၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၉၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၈၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲတစ်အိတ်လျှင် ၇၇၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၇၂၀၀၀ကျပ်နှင့်အောက်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း အသီးသီး ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ဖော်ပြပါ ဆန်စျေးနှုန်းများမှာ မတ် ပထမ အပတ်မှ ဧပြီ စတုတ္ထပတ်တိုင်အောင် များစွာ ပြောင်းလဲမှုမရှိဘဲ တည်ရှိနေခဲ့ပြီး ဧည့်မထဆန်နှင့် ငစိန်ဆန်မှာ စျေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိခဲ့ခြင်းဖြစ်သည်။ ဧည့်မထဆန်မှာ နွေစပါး အသစ်များပေါ်ချိန်ဖြစ်ခြင်းနှင့် သင်္ကြန်ပွဲတော်ရက်များ နီးခြင်းတို့ကြောင့် ရောင်းလိုအားများကာ ဧည့်မထဆန်သစ်များ စျေးနိမ့်နေခဲ့ခြင်းဖြစ်ပြီး ယခု ဧပြီ စတုတ္ထပတ်တွင်မူ ပြည်ပတင်ပို့ ဝယ်လက်များနှင့် လောင်လက်များမှ ဝယ်ယူမှုရှိခြင်း၊ စားသုံးသူများမှ ဝယ်ယူမှု ပုံမှန်ရှိခြင်း တို့ကြောင့် ယခင်အပတ်ထက် စျေးမြင့်လာခဲ့ခြင်းဖြစ်သည်။ အလားတူပင် ငစိန်ဆန်စျေးနှုန်းများမှာလည်း စိုက်ပျိုးထွက်ရှိမှုနည်းသော ဆန်အမျိုးအစားဖြစ်ခြင်း၊ ပြည်ပတင်ပို့ရန် ဝယ်ယူမှု များခြင်းတို့ကြောင့် ယခင်အပတ်ထက် အနည်းငယ် စျေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ဧည့်မထဆန် နှင့် ငစိန်ဆန် တစ်အိတ်လျှင် ၁၀၀၀ ကျပ်ဝန်းကျင်သာ စျေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီစျေးကွက်တွင်မူ ဖော်ပြပါဆန်စျေးနှုန်းများထက် ဆန်တစ်အိတ်လျှင် ကျပ်ငွေ ၁၀၀၀၀ မှ ၅၀၀၀၀ ကျပ်ခန့်အထိ ဆန်အမျိုးအစားပေါ်မူတည်၍ စျေးမြင့်ကွာဟလျက်ရှိသည်။ ပြင်ပရှိ လက်လီစျေးကွက်တွင် ဆန်တစ်ပြည်လျှင် စျေးနှုန်းအနိမ့်ဆုံး ၃၅၀၀ ကျပ်ဝန်းကျင်ရှိပြီး စျေးအမြင့်ဆုံးမှာ ၈၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ ရန်ကုန် တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၈ မြို့နယ်ရှိ အသင်းဝင်ဆန်လက်လီဆိုင် ၅၈ ဆိုင်တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၃၃၀၀ ကျပ်နှုန်းဖြင့် အပတ်စဉ် (သောကြာ၊ စနေ၊ တနင်္ဂနွေ)နေ့များတွင် ဆန်ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်စျေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ် တင်သွင်းခွင့်ရသောကာလဖြစ်သော်လည်း နယ်စပ်ဂိတ်များမှ တင်ပို့ရာတွင် နယ်မြေမတည်ငြိမ်ခြင်းနှင့် သယ်ယူ ပို့ဆောင်စရိတ်များ စျေးမြင့်နေခြင်းကြောင့် ပြည်ပဝယ်လက်များမှ အရောင်းအဝယ်အေးခြင်း၊ ထိုင်းနှင့်ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ အနည်းငယ်တင်ပို့မှုသာရှိခြင်း၊ ပြည်တွင်း အစာစပ်လုပ်ငန်းများမှ အနည်းငယ်ဝယ်ယူမှုရှိခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ပြီ အစေ့ထုတ်ပြောင်းစျေးနှုန်းများမှာ စျေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှစျေးနှုန်းမှာ ၅၆၇၀၀ ကျပ်ဖြစ်သည်။ ၎င်းစျေးနှုန်းဖြင့် မတ် စတုတ္ထပတ်မှ ယခု ဧပြီ စတုတ္ထအပတ်တိုင်အောင် စျေးငြိမ်အရောင်းအဝယ်အေးခဲ့ခြင်းဖြစ်သည်။ လာမည့် စိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်မှုများလည်းလျော့နည်းလာဖွယ်ရှိ ကြောင်းသိရသည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံစျေးကွက်တွင် ငရုတ်ခြောက်မှာ ပြည်ပတင်ပို့မှုမရှိသလောက်နည်းခြင်း၊ ရာသီပူခြင်းကြောင့် ပြည်တွင်းစားသုံးမှုလျော့နည်းခြင်း၊ စျေးကွက်သို့ ကုန်အဝင်လှိုင်ချိန် ဖြစ်ခြင်းတို့ကြောင့် ငရုတ်ခြောက်(ရှည်)မှ ဧပြီ ဒုတိယအပတ်၏ စျေးနှုန်းများဖြင့်သာ စျေးငြိမ်အရောင်းအဝယ်အေးခဲ့ပြီး ငရုတ်ခြောက်(ပွ)မှာ စျေးကွက်သို့ ကုန်အဝင်လျော့လာခြင်းကြောင့် ဧပြီ ဒုတိယအပတ်ထက်အနည်းငယ် စျေးမြင့်ခဲ့သည်။ ငရုတ်ခြောက်(လတ်) မှာ စျေးကွက်သို့ ကုန်အဝင်မရှိသလောက် နည်းခြင်းကြောင့် စျေးနှုန်းကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ စျေးကွက်သို့ ပန်းရဲ၊ မြားနီ၊ စူပါငရုတ်ခြောက်ရှည်များကုန်ဝင်ရောက်မှုရှိပြီး ဆင်ဖြူကျွန်းနှင့် မြစ်ဝပု ငရုတ် ခြောက်ပွများ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်းသိရသည်။ ငရုတ်ခြောက်(ရှည်ပွ) တစ်ပိဿာလျှင် သင်္ကြန်မတိုင်မီစျေးနှုန်းများမှာ ၄၄၀၀-၈၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်စျေးနှုန်းမှာ ၄၄၀၀-၈၇၅၀ ကျပ် ဖြစ်သည်။ ကြက်သွန်နီ (ထူးလတ်၊ သေး)မှာ တောင်တွင်း၊ ဆိပ်ဖြူ၊ မြင်းခြံ၊ အောင်လံ ဒေသများမှ ကုန်ဝင်ရောက်မှု ပုံမှန်ရှိ သော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့်သင်္ကြန်မတိုင်မီစျေးနှုန်းများထက် အနည်းငယ်စျေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊လတ်၊သေး) တစ်ပိဿာလျှင် သင်္ကြန်မတိုင်မီ စျေးနှုန်းမှာ ၂၅၅၀-၂၄၀၀-၁၉၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ပျမ်းမျှစျေးနှုန်းမှာ ၂၃၀၀-၂၀၀၀-၁၅၀၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အရည်အသွေးကောင်းခြင်းနှင့် စျေးကွက်သို့ ကုန်အဝင်နည်းခြင်းကြောင့်လည်းကောင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)မှာ ကုန်အဝင်နည်းခြင်း၊ သယ်ယူစရိတ်နှင့် တင်သွင်းစျေးနှုန်းမြင့်ခြင်းကြောင့်လည်းကောင်း သင်္ကြန်မတိုင်မီစျေးနှုန်းများထက် စျေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာလျှင် သင်္ကြန်မတိုင်မီ ပျမ်းမျှစျေးနှုန်းမှာ ၇၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ပျမ်းမျှ စျေးနှုန်းမှာ ၇၂၅၀ ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် သင်္ကြန်မတိုင်မီ ပျမ်းမျှစျေးနှုန်းမှာ ၁၁၂၅၀ ကျပ်ဖြစ်ပြီး ယခု အပတ်စျေးနှုန်းမှာ ၁၂၇၅၀ ကျပ်ဖြစ်သည်။ ဟဲဟိုးအာလူးသစ်များ စျေးကွက်သို့ ကုန်အဝင်ပိုလာသော်လည်း အရည်အသွေး ကောင်းခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းကြောင့် အာလူး(အေဝမ်း)မှာ အနည်းငယ် စျေးမြင့်လာခဲ့ပြီး အာလူး(အက်စ်ဝမ်း)နှင့် အာလူး(အိုကေ)မှာသင်္ကြန်မတိုင်မီ စျေးနှုန်းများဖြင့်သာ စျေးငြိမ် အရောင်းအဝယ်အေးခဲ့သည်။ အာလူး (အက်စ်ဝမ်း၊ အိုကေ၊ အေဝမ်း) တစ်ပိဿာလျှင် သင်္ကြန် မတိုင်မီ ပျမ်းမျှစျေးနှုန်းမှာ ၂၁၀၀-၂၁၀၀-၁၆၀၀ ကျပ်ဖြစ်ပြီး ယခု အပတ် ပျမ်းမျှစျေးနှုန်းမှာ ၂၁၀၀-၂၁၀၀-၁၇၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီ

စားအုန်းဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဧပြီ ၂၂ ရက်မှ ၂၈ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကားရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၃၄၀ ကျပ်ဖြစ်ပြီး ယခင်ရက်သတ္တပတ်ဖြစ်သော သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၂၁ ရက်နေ့အထိ ကာလအတွက် ထုတ်ပြန်ထားသော စျေးနှုန်းမှာ ၅၄၆၀ ကျပ်ဖြစ်သည်။ သင်္ကြန်မတိုင်မီ ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော စျေးနှုန်းမှာ ၅၂၅၀ ကျပ်ဖြစ်သည်။ ထို့ကြောင့် ယခုရက်တ္တပတ် စျေးနှုန်းအား သင်္ကြန်တွင်းကာလနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၁၂၅ ကျပ်စျေးနိမ့်ခဲ့ပြီး သင်္ကြန်မတိုင်မီ ကာလနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၉၀ ကျပ် စျေးမြင့် လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီစျေးကွက်တွင် သတ်မှတ်ထားသော ဆိုင်အချို့၌ ရည်ညွှန်း စျေးနှုန်းထက်များစွာမကွာသော စျေးနှုန်းများဖြင့် စားအုန်းဆီများအား ရောင်းချပေးလျက် ရှိသည်။

**အေးသန္တာဝင်း**




## ဆန်

မန္တလေး ကိုင်းတန်းဈေးတွင် ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုပေါ်ဆန်းတို့မှာ အဝင်ပုံမှန် ၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း တစ်အိတ် ၁၃၅၀၀၀ ကျပ် ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ အဝင်ပုံမှန် ၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၂၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေသည်။ မြို့တွင်းသုံးဝယ်ယူမှုနည်းခြင်းကြောင့် ဧယာဆန်တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ မုန့်လုပ်ငန်းသမားများ အဝယ်ပုံမှန်ရှိသဖြင့် တစ်အိတ် ၇၈၀၀၀ ကျပ် မှ ၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ရောမင်းဆန်မှာ မန္တလေးဝန်းကျင်မှ ဝင်ရောက်မှုပုံမှန်ရှိခြင်း ၊ မြို့တွင်းစားသုံးမှု ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် မြေပဲ (လုံးဆံ)ဈေးနှုန်းမှာ ဆောင်းမြေပဲအဝင်နည်းသွားခြင်း ၊ လုပ်ငန်းသမား အဝယ် ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ ပိဿာ ၆၇၀၀၀၀ ကျပ် မှ ၇၀၀၀၀၀ ကျပ် ဈေးနှုန်းအသီးသီးဖြင့် ရောင်းချနေသည်။ မြေပဲ(ဆီဆံ)မှာ အဝင်နည်းသွားခြင်း ၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၆၂၀၀၀၀ ကျပ်မှ ၆၃၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ နွေနှမ်းစိုက်ပျိုးထားဆဲကာလဖြစ်ခြင်း၊ ဆောင်းနှမ်းလက်ကျန်နည်းခြင်း၊လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်နည်းခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၄၅ ပိဿာ ၃၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၀၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။နှမ်းနက်မှာလည်း တရုတ်ဝယ်လက်နည်းခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေး ကွာ ခြား ခြ င်း တို့ ကြော င့် ၃၅၅၀၀၀ ကျပ် မှ ၃၉၅၀၀၀ ကျပ်ထိ အ ရည် အ သွေး ပေါ် မူ တ ည် ၍ ရောင်းဝယ်မှုရှိသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် အဝင်နည်းခြင်း ၊ ဘယဆေးနှင့် ရောဆီအတွက် ဆီစက်သမား အဝယ်ရှိခြင်းတို့ကြောင့် ၄၅ ပိဿာလျှင် ယခင်သကြန်ကာလမတိုင်မီက ၂၀၅၀၀၀ ကျပ် မှ ယခုအပတ် ၂၁၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

နေကြာဈေးနှုန်းအနေဖြင့် စိုက်ဧကနည်း အထွက်နည်း၊ အဝင်နည်းသော်လည်း မိုးနေကြာစိုက်ချိန်နီးခြင်း၊ ဆောင်းနေကြာ လက်ကျန်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ၂၇ ပိဿာ ၁၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

မန္တလေး ကိုင်းတန်းဈေးကြက်သွန်ပွဲရုံများတွင် မြစ်သား နှင့် မုံရွာ မှ ကြက်သွန်နီများ ဝင်ရောက်မှုရှိပြီး သကြန်ကာလ အပြီး မြို့တွင်းသုံး ဝ ယ် ယူ မှု ပုံ မှ န် ရှိ ခြ င်း ကြော င့် (ကြီး) တစ်ပိဿာ ၂၅၀၀ ကျပ် မှ ၂၇၀၀ ကျပ်၊ လတ် တစ်ပိဿာ ၂၀၀၀ ကျပ် မှ ၂၄၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး ကြက်သွန်နီ(သေး)မှာ ၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။မုံရွာ ကြက်သွန်မှာ အဝင်နည်းခြင်းကြောင့် (ကြီး) တစ်ပိဿာ ၂၃၀၀ ကျပ် ၊ လတ် တစ်ပိဿာ ၂၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး သေးတစ်ပိဿာ ၂၀၀၀ ကျပ် မှ ၁၈၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာသကြန်အပြီး အဝင်နည်းခြင်း ၊ မြို့တွင်းသုံးအဝယ်များခြင်းကြောင့် တစ်ပိဿာ ၁၁၀၀၀ ကျပ် မှ ၁၁၅၀၀ ကျပ်သို့ ဈေး မ သိ မ သာ မြ င့် သွား သ ည် ။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်များလာခြင်း၊ အရည်အသွေးညံ့သွားခြင်း ၊ လားရှိုး ၊ မြစ်ကြီးနား ၊ ဖားကန့်သို့ ရုံဖန်ရုံခါ တင်ပို့ရမှုနည်းခြင်းကြောင့် အရည်အသွေးအညံ့ဆုံး တစ်ပိဿာ ၆၂၀၀ ကျပ် မှ အကောင်းဆုံး ၇၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်း ၊ ပခုက္ကူ ၊ တရုတ်အာလူးများ အဝင်မရှိတော့ဘဲ ဘန့်ဘွေး အာလူး တစ်မျိုးတည်းသာ ရောင်းဝယ်မှုရှိပြီး တစ်ပိဿာ ၁၈၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မန္တလေး ပွဲစားကုန်သည်စက်ပိုင် ကထိန်တော်အသင်းတွင် ပဲမျိုးစုံတို့အနက် မတ်ပဲဈေးနှုန်းမှာ အဝင်နည်းခြင်း၊ ရန်ကုန်ဝယ်လက်နှင့်ပဲခွဲစက်များအဝယ်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ်လျှင် ၃၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ စိုက်ဧကနည်း၊ အထွက်နည်း၊ အဝင်နည်းခြင်း၊ ရန်ကုန်ဝယ်လက်ရှိခြင်း၊ မြို့တွင်းပဲခွဲစက်များ အဝယ်ရှိခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၆၀ ပိဿာ ၃၇၈၀၀၀ ကျပ် မှ ၃၉၈၀၀၀ ကျပ် ၊ ပဲစဉ်းငုံ(ဖြူ) ၃ တင်းတစ်အိတ် ၃၄၅၀၀၀ ကျပ် မှ ၃၇၅၀၀၀ ကျပ်သို့ ဈေးသိသိသာသာမြင့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ ဆောင်းလက်ကျန်နည်းပြီး မိုးပဲစိုက်ချိန်နီးခြင်း၊လှောင်သမားထံမှ ဝယ်ရခြင်း၊ တရုတ်ဝယ်လက်မရှိဘဲ ပဲခွဲစက်များ အဝယ်သာရှိခြင်းကြောင့် အရောင်းအဝယ်အေးပြီး ၃ တင်းတစ်အိတ် အ ရ ည် အ သွေး ပေါ် မူ တ ည် ၍ ၁၄၅၀၀၀ ကျပ် မှ ၁၅၅၀၀၀ ကျပ်ဖြင့် ရောင်းချနေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ မိုးပဲစိုက်ချိန်နီးခြင်း၊ ဆောင်းပဲလက်ကျန်များခြင်း ၊ လုပ်ငန်းသမားနှင့် ဆီစက်သမားအဝယ်နည်းခြင်းကြောင့် ပဲပုတ်(မြန်မာ) ၃ တင်းတစ်အိတ် ၁၆၀၀၀၀ ကျပ် မှ ၁၆၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး ပဲပုတ်(ရှမ်း) မှာ ၃ တင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် သကြန်ပိတ်ရက်များအပြီး အရောင်းအဝယ်အေးခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ကုဖြူကြီး ၃ တင်းတစ်အိတ် ၂၄၈၀၀၀ ကျပ် မှ ၂၄၃၀၀၀ ကျပ်သို့လည်းကောင်း ၊ ကုလားပဲ(ထိုင်ဝမ်)မှာလည်း ခွဲစက်များ ပိတ်ရက်များအပြီး ဝယ်ယူမှုနည်းခြင်းကြောင့် ၂၃၅၀၀၀ ကျပ် မှ ၂၂၃၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွား သ ည် ။ ကု လား ပဲ ( ခွဲ ခြ မ်း ) မှာ အမြင့်ဈေးဖြင့် ဝယ်ယူကြိတ်ခွဲရခြင်း၊ လက်ကျန်နည်းခြင်းကြောင့် တစ်ပိဿာ ၅၅၀၀ ကျပ် မှ ၅၈၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲယင်း နှင့် စားတော်ပဲမှာ အဝင်ပုံမှန်၊ လုပ်ငန်းသမားနှင့် လက်လီသမား အဝယ်နည်းခြင်းကြောင့် ပဲယင်း ၃ တင်းတစ်အိတ် ၁၄၂၀၀၀ ကျပ် ၊ စားတော်ပဲ(ကျွန်း) ၃ တင်းတစ်အိတ် ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မြေတောက်ပဲမှာ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းခြင်း၊ မုံရွာ နှင့် ရောဝတီတိုင်းဘက်မှ ဝင်ရောက်မှုရှိခြင်းကြောင့် မုံရွာမြေတောက်ပဲ ၃ တင်းတစ်အိတ် ၂၉၅၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့လည်းကောင်း၊ ဧရာဝတီတိုင်းမြေတောက်ပဲ ၃၆၀၀၀၀ ကျပ်သို့ ဈေးအသီးသီး မြင့်သွားသည်။

ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ အဝင်နည်းသွားခြင်း၊ လုပ်ငန်းသမား ၊ ပဲကြော်/လှော်သမား ၊ ခွဲစက်သမားများ အဝယ်များခြင်းတို့ကြောင့် ပဲကြီး(ကြီး) ၃ တင်းတစ်အိတ် ၂၆၅၀၀၀ ကျပ် မှ ၂၇၅၀၀၀ ကျပ်၊ ပဲကြီး(သေး) ၂၃၀၀၀၀ ကျပ် မှ ၂၄၅၀၀၀ ကျပ် ၊ ထောပတ်ပဲ(ကြီး) ၃၄၀၀၀၀ ကျပ် မှ ၃၄၅၀၀၀ ကျပ် ၊ ထောပတ်ပဲ(သေး) ၂၈၀၀၀၀ ကျပ် မှ ၂၈၅၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မန္တလေးဈေးကွက်တွင် ခရမ်းချဉ်(ရှမ်းတောင်)မှာ အဝင်များလာခြင်း၊ ထိုင်ဝမ်သီးများလည်း အဝင်များခြင်း ၊ မြို့တွင်းသုံးသာရှိပြီး မြစ်ကြီးနား ၊ လုံးခင်း တင်ပို့ရမှုနည်းခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၂၀၀၀၀ ကျပ် မှ၁၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ငရုတ်စို(ရှည်နှင့်လတ်)မှာ မုံရွာ ၊ ချောင်းဦးမှ အဝင်နည်းခြင်းကြောင့် ငပိထောင်း ၊ လက်ဖက်သမားများ ပုံမှန်ဝယ်ယူမှုသာရှိသော်လည်း ငရုတ်စို(ရှည်) တစ်ပိဿာ ၁၆၀၀ ကျပ် မှ ၂၄၀၀ ကျပ် ၊ ငရုတ်စို(လတ်) တစ်ပိဿာ ၂၂၀၀ ကျပ် မှ ၃၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ကျောက်ဆည် ၊ မြစ်သားမှ ရွှေသခွားများ လှိုင်လှိုင်ဝင်ရောက်သော်လည်း အရည်အသွေးကောင်းခြင်းကြောင့် ၄လုံး တစ်ဖာလျှင် ၈၀၀၀ ကျပ် မှ ၁၀၀၀၀ ကျပ် ၊ သဘော်သီးများ နယ်စုံမှ ဝင်ရောက်ခြင်းကြောင့် အ ရ ည် အ သွေး ပေါ် မူ တ ည် ၍ တစ်လုံး ၈၀၀ ကျပ် မှ ၁၅၀၀ ကျပ် ၊ သီပေါမှ နာနတ်သီးများ ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ ၅၀၀ ကျပ်မှ ၆၀၀ ကျပ်ဖြင့် မန္တလေးတိုင်းအတွင်း အမှာရှိသော မြို့များသို့ တင်ပို့မှုရှိသည်။ကျောက်ဆည်ဘက်မှ စိန်တစ်လုံးသရက်သီး

စာ-၁၃ သို့

စာ-၁၀ မှ

ရေး အင်ဂျင်နီယာဘာသာရပ် (Agricultural Engineering) ကို တော့ ကွင်းစလန်တက္ကသိုလ်က မပေးပါ။ ကွင်းစလန် တောင်ပိုင်းတက္ကသိုလ် (University of Southern Queensland) က ဤဘာသာရပ်နှင့် ပတ်သက်၍ နာမည်ကြီးပါသည်။ နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူများစွာ တက်ရောက်သင်ကြားလျက် ရှိပါသည်။

(၁-၂) **ဇီဝသိပ္ပံအဆင့်မြင့်ကျောင်း (School of Biological Sciences)**

ကျွန်တော် တက္ကသိုလ်တွင်ရှိစဉ်က ဂျပန်ပညာရှင်က မင်းတို့နိုင်ငံမှာ ဇီဝဗေဒ (Biology) ဘာသာရပ်မရှိဘူးလား ဟူ၍ မေးပါသည်။ ကျွန်တော်က ယခင် ကရှိပါတယ်၊ ယခုတော့ ရုက္ခဗေဒ (Botany) နှင့် သတ္တဗေဒ (Zoology) ပေါင်းပြီးတော့ ဇီဝဗေဒအနေနှင့်ရှိတယ်မဟုတ်ဘူးလားဟူ၍ ပြန်ဆွေးနွေးရာ တခြားစီပဲ ဒီဘာသာအထူးပြု (Biology Specialization) တက္ကသိုလ်များမှာ ပေးသင့်ပါသည်ဟူ၍ ပြောပါသည်။ ဒီဘာသာမှနေ၍ ဆေးပညာ၊ မွေးမြူရေးပညာ၊ စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝဓာတုဗေဒ (Biochemistry)၊ မော်လီကျူးဆိုင်ရာ ဇီဝဗေဒ (Molecular Biology) စသည်ဖြင့် အသုံးချသိပ္ပံ (Applied Sciences) ဘက်ကို ပြောင်းလဲသွားရမည် ဖြစ်ပါ၍ အလွန်အရေးပါသောဘာသာရပ်ကြီး ဖြစ်ပါသည်။

(၁-၃) **ဓာတုနှင့်မော်လီကျူးဆိုင်ရာဇီဝအဆင့်မြင့်ကျောင်း (School of Chemistry and Molecular Bio**Sciences)

(၁-၄) **မြေဆီလွှာနှင့် ပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ အဆင့်မြင့်ကျောင်း (School of Earth and Environmental Science)**

(၁-၅) **သင်္ချာနှင့်ရူပဆိုင်ရာ အဆင့်မြင့်ကျောင်း (School of mathematics and Physics)**

(၁-၆) **တိရစ္ဆာန်ကုသရေးဆိုင်ရာ အဆင့်မြင့်ကျောင်း (School of Veterinary Science)** တို့ ဆိုပြီး ရှိပါသည်။

ကွင်းစလန်တက္ကသိုလ်ရှိ နောက်ထပ်မဟာဌာနများအနေဖြင့်တော့...

(ဂ) **အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဆက်သွယ်ရေးနည်းပညာ မဟာဌာန (Faculty of Engineering, Architecture and Information Technology)**

(ဃ) **ကျန်းမာရေးနှင့်လူမှုကျင့်ဝတ်သိပ္ပံ မဟာဌာန (Faculty of Health and Behavioral Sciences)**

(င) **လူသားတို့လောကနှင့် လူမှုရေးသိပ္ပံ မဟာဌာန (Faculty of Humanity and Social Sciences) နှင့်**

(စ) **ဆေးဝါးပညာ မဟာဌာန (Faculty of** Medicine) တို့ ဖြစ်ပါသည်။

အဆင့်မြင့်သုတေသနဌာန (Advanced Research Institute ) ပေါင်း ၉ ခုရှိပါသည်။ ၎င်းတို့မှာ ကွင်းစလန် စိုက်ပျိုးရေးနှင့် အစားအစာ တီထွင်ဖန်တီးမှု မဟာမိတ်အုပ်စု (Queensland Alliance for Agriculture and Food Innovation)၊ လူမှုရေးသိပ္ပံဆိုင်ရာ သုတေသနဌာန (Institute for Social Science Research)၊ ဩစတေလျ ဇီဝအင်ဂျင်နီယာနှင့်နာနိုနည်းပညာ သုတေသနဌာန (Australian Institute for Bioengineering and Nano Technology)၊ မော်လီကျူးဆိုင်ရာဇီဝသိပ္ပံသုတေသနဌာန (Institute for Molecular Bio-Sciences) တို့သည် စိုက်ပျိုးမွေးမြူရေး သင်ကြား၊ သုတေသနပြုနေသော ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပတ်သက်နေပါသည်။

နိုင်ငံတစ်ဝန်းနှင့်ဆက်စပ်၍ ပညာ ရပ်ဆိုင်ရာအစုအဖွဲ့ (ARC Centre of Excellence) ပေါင်း ၈ ခုတွင်လည်း သဘာဝနှင့်စိုက်ပျိုးရေး အတော်ဆုံးအစုအဖွဲ့ (ARC Centre of Excellence for Plant Success in Nature and Agriculture) သည်လည်း ဤတက္ကသိုလ်တွင် ရှိပါသည်။ ကွင်းစလန်တက္ကသိုလ်မှာ ၂၀၂၂ ခုနှစ် တစ်ကမ္ဘာလုံး စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား၊ သုတေသနပြုမှု အကောင်းဆုံးတက္ကသိုလ် အမှတ်စဉ် ၁၆ တွင် ရှိပါသည်။ စိုက်ပျိုး၊ မွေးမြူရေးပညာကို ကွင်းစလန်တက္ကသိုလ်အပါအဝင် ဩစတေလျ တက္ကသိုလ်ပေါင်း ၃၄ ကျောင်းမှာ ဘွဲ့ကြို၊ ဘွဲ့လွန်ပညာများ သင်ကြားလေ့လာနိုင်ပါသည်။ ၂၀၂၁ ခုနှစ်က လူဦးရေ ၂၅ ဒသမ ၇၄ သန်းသာရှိသောနိုင်ငံမှာ တက္ကသိုလ်များစွာက ခေတ်မီ စိုက်ပျိုး၊ မွေးမြူရေးပညာများကို သင်ကြား၊ သင်ယူ သုတေသနပြုနေကြသည်များကို အားကျအတုယူဖွယ် ကောင်းလှပါသည်။

ဤတက္ကသိုလ်ကို အကြောင်းပြု၍ ကျွန်တော်တို့ နိုင်ငံတက္ကသိုလ်များက အတုယူ နိုင်သည်မှာ -

(၁) စိုက်ပျိုးရေးတက္ကသိုလ် (Agricultural University) ဟူ၍ အမည်တပ်ထားပြီး သီးနှံ သိပ္ပံအုပ်စု (Crop Science Cluster) ကိုသာ ဘောင်ကျဉ်းကျဉ်းလေး ခတ်မထားဘဲ ဘာသာရပ်မျိုးစုံ တိုးချဲ့ သင်ကြားရပါမည်၊ စုစုပေါင်း ကျောင်းသားအရေအတွက် ၂၀၀၀-ခန့် နှင့် သူတို့ရှိ စုစုပေါင်းကျောင်းသား ၅၀၀၀၀ ငါးသောင်းကျော်၊ ဘွဲ့လွန် ကျောင်းသား ပေါင်း နှစ်သောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်၊

(၂) သုတေသနစိုက်ကွင်း အကျယ်အဝန်း ဟက်တာ ၁၀၀၀-ကျော် (၂၅၀၀-ဧကခန့်) နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်၊ တက္ကသိုလ်နှင့်သုတေသနဌာန ပေါင်းစပ်ထားသော နယ်သာလင်ပုံစံ (Netherland WUR Model) အတုယူနိုင်ပါသည် (ဗာဂန်နီဂန်တက္ကသိုလ် အကြောင်း ရောက်လာလျှင် အသေးစိတ်ဆွေးနွေးပါမည်)၊

(၃) ဘာသာရပ်ပေါင်းစုံလင်စွာရှိ၍ စိုက်ပျိုးရေး မြေဆီလွှာ သိပ္ပံ (Agricultural Soil Science) အဓိကယူသူများက ဘူမိဗေဒ (Geogology)၊ ပထဝီ (Geography)၊ ရာသီဥတုပညာ (Meteorology/ Climatology)၊ ဓာတုဗေဒ (Chemistry)၊ ရူပဗေဒ (Physics)၊ အဏုဇီဝဗေဒ (Microbiology)၊ စာရင်းအင်းပညာ (Statistics)၊ သစ်တော ပညာ (Forestry)၊ ပတ်ဝန်းကျင်သိပ္ပံပညာ (Environmental Science) ဌာနကြီးများရှိ ဘာသာရပ်များ တွဲဖက် သင်ယူနိုင်ခြင်း၊ သုတေသနများ ပူးတွဲလုပ်ဆောင်နိုင်ခြင်း စသည့် အားသာချက် များ စွာ ရှိ နိုင် ပါ သည် ။ အခြားနိုင်ငံမှ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်များအကြောင်းကိုလည်း ဆက်လက် ဆွေးနွေး တင်ပြသွားပါဦးမည်။ **(ဆက်လက်ဖော်ပြပါမည်)**



ကွင်းစလန်တက္ကသိုလ်၊ ဂတ်တန်နယ်မြေသုတေသန စိုက်ကွင်း

စာ-၁၂ မှ

များ စတင်ဝင်ရောက်မှုရှိပြီး ၁၀လုံးလျှင် အရည်အသွေးပေါ်မူတည်၍ ၃၀၀၀ ကျပ် မှ ၆၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

မန္တလေး ပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံအသစ်များ ဝင်ရောက်လာသဖြင့် မြင်းမူ၊ မြောင်၊ ငါန်းဇွန်၊ ဆားတောင်၊ မုံရွာ၊ ဘုတလင် နယ်များမှ ဂျုံများ ၃ တင်းတစ်အိတ် ၁၅၀၀၀၀ ကျပ်၊ ရှမ်းဂျုံ ၁၄၀၀၀၀ကျပ် ၊ ဩစတြေးလျဂျုံမှုန့် တစ်ပိဿာ ၃၃၀၀ ကျပ်ဖြင့် ဂျုံစက်များ ပုံမှန်ဝယ်ယူမှုရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မြဝတီသို့ တင်ပို့ရမှုမရှိခြင်းကြောင့် မန္တလေးသို့ အဝင်များသော်လည်း သက်ကြီးအပြီး အစာစပ်သမား ဝယ်ယူမှုများသဖြင့် ၃ တင်းတစ်အိတ် ၄၉၅၀၀ ကျပ် မှ ၅၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

**ခင်မကြည်**

စာ-၁၄ မှ

အဖြစ်လည်း အသုံးပြုကြ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန်သမန်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**

Agribiz News www.agribiznews.com.mm

မှ

ePaper များကို

ရယူလိုက်ပါ

www.agribiznews.com.mm



# သဘာဝကပေးအစာနှင့်ဆေး

# သမုန်းပင်

ကြေးမုံငယ်

သမုန်းပင်ကို သင်ပုန်းပင်၊ သမားမုန်းပင်ဟုလည်း ခေါ်ဆိုကြပြီး ယင်း၏ ရုက္ခဗေဒအမည်မှာ Boscia variabilis Collett & Hemsl. ဟု ခေါ်ဆိုသကဲ့သို့ Hypselandra variabilis (Collette & Hemsl.) Pax & K Hoffm. ဟုခေါ်ဆိုကာ မျိုးရင်း Capparaceae တွင်ပါဝင်ပြီး မြန်မာနိုင်ငံတွင် အဓိကတွေ့ရှိရသည်။ အပင်၏အစိတ်အပိုင်းများမှာ ဆေးဖက်ဝင်ပြီး သမားတော်များက ပင်မုန်းရသည့်အပင်ဖြစ်သည့်အတွက် သမားမုန်းပင်၊ နောက်ပိုင်းတွင် သမုန်းပင်အဖြစ် ခေါ်ဆိုလာခဲ့ကြ၏။

သမုန်းပင်သည် ပူပြင်းသည့် ရာသီဥတုရှိပြီး ကျောက်စရစ်ကုန်းမြေကို နှစ်သက်ကြ၏။ ထိုသို့သော အခြေအနေမျိုးတွင် အခြားသော အပင်များ ရှင်သန်ရန် မလွယ်ကူလှသော်လည်း သမုန်းပင်က ကောင်းမွန်စွာ ရှင်သန်ကြီးထွားနိုင်၏။ ရုက္ခဗေဒအဆိုအရ ခြောက်သွေ့သည့်ဒေသတွင် ပေါက်ရောက်သည့်အပင် xerophytic plants ဟု သတ်မှတ်ခေါ်ဆိုထား၏။ သမုန်းပင်သည် နှစ်ရှည်ခံ အပင်ငယ်မှ အပင်လတ်မျိုးဖြစ်ပြီး အမြင့် ၁၀ မှ ၁၈ မီတာခန့်အထိ ရှင်သန်ကြီးထွား ပေါက်ရောက်၏။ မြန်မာနိုင်ငံ၏ အထက်အညာဒေသ၊ အထူးသဖြင့် မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသများတွင် ဖြစ်ထွန်းကြ၏။ ပူပြင်းလှသည့် အညာနွေကို အန်တုကာ ကြီးပြင်းပေါက်ရောက်သည့် သမုန်းပင်၏ ငယ်သရုပ်မှာ အရွက်ပုံစံ သေးသွယ်ပြီး အပင်ကြီးလာသည့်အခါ အရွက်မှာ ဘဲဥပုံစံသို့ ပြောင်းလဲ လာကြ၏။ သမုန်းပင်၏ ပင်စည်မှာ မီးခိုးရောင်ပြောင်လက်နေသည့် အခေါက်ရှိ၏။ သမုန်းကိုင်းများမှာ ဆလင်ဒါပုံစံရှိ၏။ အရွက်များမှာ ရွက်စွယ်ရှိပြီး ရွက်လွှဲထွက်၏။ သမုန်းပင်သည် ဖေဖော်ဝါရီ၊ မတ်လတို့တွင် အညွန့်လေးမှ အဖူးအပွင့်များ ဝေဖြာစွာ ထွက်ရှိ၏။ သမုန်းပင် အပွင့်ပွင့်သည့်အချိန်တွင် အပွင့်နှင့် အရွက်ရောယှက်နေသည့်အတွက် ပွင့်နေမှန်းသိရန် မလွယ်ကူလှပေ။ သမုန်းပန်းခိုင်မှာ ထိပ်ထွက်ကြားထွက် အမျိုးအစားဖြစ်ပြီး အစိမ်းနုရောင် ပန်းပွင့်လေးများ ပွင့်ကာ အရေအတွက် ၁၀ ပွင့်မှ အပွင့် ၂၀ ခန့်ထိ ပါဝင်၏။ သမုန်းသီးမှာ လုံးဝန်းပြီး အက်ကွဲခြင်းမရှိသော ဘယ်ရီသီးမျိုးနွယ်ဖြစ်ပြီး အစေ့ ၃ စေ့မှ ၄ စေ့ခန့်ထိ ပါဝင်၏။



သမုန်းပင်တွင် လူသားတို့၏ ကျန်းမာရေးအတွက် အကျိုးကျေးဇူးကောင်းများကို ပေးစွမ်းနိုင်သော ဖလေဗာနွိုက်၊ အယ်လ်ကာလွိုက်၊ တန်နင်၊ ဖီနောလ်၊ ဆာပိုနင်ဓာတ်တို့ ကြွယ်ဝစွာပါဝင်၏။ သတ္တုဓာတ်များ အနေဖြင့် ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆိုဒီယမ်၊ အိုင်းယွန်း၊ ဇင့်ခ်၊ ခရိုမီယမ်တို့ ကြွယ်ဝစွာ ပါဝင်၏။ နှစ်စဉ် သမုန်း ရွက်နုနှင့် အဖူးအပွင့်များလှိုင်လှိုင်ဆွတ်ခူးရရှိသည့်ရာသီချိန်တွင် ရာသီစာဟင်းသီးဟင်းရွက်အဖြစ် စားသုံးခြင်း ဖြင့် တစ်သက်တာ ကျန်းမာရေးကောင်းမွန်စေရန် အထောက်အပံ့ကောင်း ပေးနိုင်သည်ဟု မှတ်ယူကြ၏။

မြန်မာလူမျိုးအများစု အထူးသဖြင့် ကျေးလက်ဒေသနှင့် နယ်မြို့များတွင် နေထိုင်သူအများစုသည် ဒေသအလိုက် ကွဲပြားစုံလင်လှပြီး ရာသီချိန်ခါနှင့်အညီ ရရှိသည့် သဘာဝပေါက်ပင်များမှ အစိတ်အပိုင်းများ



ကို ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်များအဖြစ်တန်ဖိုးထားကာ ချက်ပြုတ်စားသုံးလေ့ရှိကြ၏။ သဘာဝပေါက်ပင်များမှရရှိသည့်အသီးအရွက်များမှာ သတ္တုဓာတ်များ၊ ဗီတာမင်များ၊ အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ပြည့်ဝဆီပါဝင်မှု နည်းပါးသည့်အတွက် ကျန်းမာရေးအတွက် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

သမုန်းပင်၏ အရွက်၊ အဖူး၊ ပန်းပွင့်၊ သမုန်းဖု (သမုန်းဥ)၊ အခေါက်၊ အမြစ်တို့ကို ဆေးဖက်ဝင်အဖြစ် အသုံးပြုလေ့ရှိကြ၏။

- သမုန်းရွက်သည် ခါး၏၊ သလိပ် ကိုနိုင်၏။ ရင်ပြည့်ရင်ကြပ်၊ အကြောတက်၊ အကြောအောင့်နာကျင်ခြင်း၊ အညောင်းအညာမိပြီး ကိုက်ခဲနေသူများအနေဖြင့် သမုန်းရွက်ကို ဟင်းချိုချက်သောက်ခြင်း၊ သုပ်စားခြင်း များ ပြုလုပ်သင့်သည်ဟု ဆို၏။

-မျက်စိအောင့်ခြင်း၊ မျက်စိနာခြင်း ဝေဒနာများအတွက် သမုန်းဥကို သွေးပြီး မျက်လုံးတစ်ဝိုက် လိမ်းပေးခြင်းဖြင့် ဝေဒနာကို သက်သာစေ၏။

- ကျောက်ကပ်ဝေဒနာရှင်များအတွက် သမုန်းရွက်နှင့် အရိုးများကို ရေနွေးဖြင့် သောက်သုံးပေးခြင်းဖြင့် ဝေဒနာသက်သာစေပြီး ကျောက်ကပ်ကို အားကောင်းစေနိုင်၏။

- အသည်းယောင် အသားဝါဖြစ်ခြင်း၊ အသည်းကြီးခြင်း၊ ဘီပိုး၊ စီပိုး အရှိသည့် အသည်းရောဂါများအတွက် သမုန်းရွက်ကို သုံးခွက်တစ်ခွက်တင် ကျိုချက်ပြီး လက်ဖက်ရည် တစ်ပန်းကန်လုံးစာနှုန်းနှင့် တစ်နေ့လျှင် သုံးကြိမ်ကို တစ်ပတ်ကြာ သောက်သုံးခြင်းဖြင့် ဝေဒနာကို သက်သာပျောက်ကင်းစေသည်ဟု ဆို၏။

- သမုန်းရွက်နု၊ အဖူးနှင့်အပွင့်လေးများကို ရေနွေးဖျောပြီး သုပ်စားခြင်းဖြင့်လည်း မျက်စိကို အေးစေ၏။

- သမုန်းဥသည် ခါး၏၊ စဉ်းငယ်ပူ၏၊ ဆေးဖက်ဝင်၏။ ခြေလက်များအေးခြင်း၊ ဖောယောင်ခြင်း၊ ညောင်းကိုက်ထုံကျင်ခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံခြင်းတို့ကို ပျောက်ကင်းစေ၏။

- ဝက်ခြံဖုများထွက်ပါက သမုန်းဖုကို သွေးလိမ်းပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေနိုင်၏။

- သမုန်းရွက်နှင့် အမြစ်များကို ကိုယ်လက်ကိုက်ခဲခြင်း၊ ဖောယောင်ခြင်း၊ အအေးမိခြင်း၊ အစာအိမ်ရောင်နာဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ ချွဲသလိပ်ထခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း ဝေဒနာများအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။

မြန်မာနိုင်ငံ အထက်အညာဒေသတွင် နွေဦးရောက်ချိန် သမုန်းပင်၏ ရွက်နုဖြာချိန်တွင် အရွက်နုများနှင့် အဖူးလေးများကို ခူးဆွတ်ကာ ဟင်းလျာများအဖြစ် ပြင်ဆင်ချက်ပြုတ်စားသုံးလေ့ရှိကြ၏။ ခူးဆွတ်ပြီးရရှိလာသည့် သမုန်းရွက်နုနှင့် အဖူးလေးများကို ရေဖြင့်သန့်စင်ဆေးကြောပြီးနောက် ရေနွေးပွက်ပွက်ဆူထဲ ၂ မိနစ်ခန့်ဆူအောင် တည်ပြီး ပြန်ဆယ်ယူကာ ရေအေးအေးဖြင့် ၃ ကြိမ်ခန့်ဆေးကြောပေးပါ။ ပြီးလျှင် ရေကုန်အောင်ညှစ်ပြီး ငှက်ပျောဖက်/အင်ဖက်တို့ဖြင့်ထုပ်ပိုးသိမ်းဆည်းထားနိုင်၏။ သမုန်းဖူးပြုတ်ကို အညာဒေသထွက် စားသောက်ကုန်ရောင်းချသူများထံမှ တစ်ဆင့် နိုင်ငံအနှံ့မှဝယ်ယူစားသုံးနိုင်နေပြီဖြစ်၏။

- သမုန်းရွက်နုနှင့် သမုန်းဖူးပြုတ်များကို ငါးပိရည်ကျိုဖျော်၊ ခရမ်းချဉ်သီးချက်၊ ငရုတ်သီးစိမ်းချက်၊ ငပိချက် စသည်တို့နှင့် တွဲဖက်ကာ တို့စရာ အဖြစ် စားသုံးတတ်ကြ၏။

- သမုန်းရွက်နုနှင့် သမုန်းဖူးပြုတ်များကို ဓားဖြင့် ပါးပါးလှီးပေးပါ။ ပြီးလျှင် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်



အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ရာသီစာ သမုန်းဖူးသုပ်လေး ရပါပြီ။ ကြက်သွန်ဖြူလေးကိုက်၊ ငရုတ်သီးစိမ်းလေးကိုက်ကာ ရေနွေးကြမ်းပူပူလေးနှင့်လည်း ကောင်း၊ နေ့ခင်းဖက် အဆာပြေထမင်းကြမ်းလေးနှင့်လည်းကောင်း တွဲဖက်သုံးဆောင်နိုင်၏။ ရာသီစာလည်းဖြစ် ဆေးဖက်လည်းဝင်၊ အာဟာရတန်ဖိုးလည်း မြင့်မားလှသည့် နှုတ်မြိန်စာ ဟင်းတစ်မယ်ဖြစ်၏။

- ကြက်သွန်ဖြူ၊ ပုစွန်ခြောက်မညက်တညက်ထောင်းနှင့် ဟင်းခါးရည်ချက်ကာ ဟင်းရည်ကျသည်အထိ တည်ပြီး သမုန်းရွက်နုဖူးလေးများ ခပ်ကာ ဟင်းခါးချက်သောက်လျှင်ကျန်းမာရေးအတွက် သင့်လျော်၏။

သမုန်းပင်များကို လမ်းဘေးဝဲယာများတွင် စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေစေခြင်း၊ ဆေးဖက်ဝင် ပရဆေးအဖြစ် အသုံးပြုနိုင်ခြင်း၊ ခုံဖိနပ်အပါအဝင် အခြားသော အိမ်ထောင်ပရိဘောဂများ ပြုလုပ်နိုင်ခြင်းအပါအဝင် လောင်စာ

စာ-၁၃ သို့

(ယခင်အပတ်မှအဆက်)

စုပ်ခွက်ငါးများကြောင့် မွေးမြူရေးငါးများ အစာလုံလောက်မှု မရှိခြင်း၊ မွေးမြူရေးငါးများ၏ နေရာကို ခွဲဝေယူထားခြင်းတို့ကြောင့် ရေရှည်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

- စုပ်ခွက်ငါးကို မွေးမြူရေးငါးများ၏ ငါးအစာအဖြစ် ပြုပြင်အသုံးချခြင်း၊
- စုပ်ခွက်ငါးကိုစားသုံးရန် တီထွင်လမ်းကြောင်းဖော်ထုတ်ခြင်း၊
- စုပ်ခွက်ငါးများ၏ အာဟာရတန်ဖိုးကို စစ်ဆေးတိုင်းတာခြင်း၊စားသုံးရန် ပညာပေးလှုံ့ဆော်ခြင်း







# ဂေဟစနစ်ကိုဖျက်ဆီးနိုင်သော စုပ်ခွက်ငါးများ



ပင်လယ်ပြာ(ငါးဦးစီး)

## စုပ်ခွက်ငါးအန္တရာယ်မှ ကာကွယ်ခြင်း

ငါးမွေးကန်များတွင် ကန်အောက်ခြေရှိ အပုပ်အဆွေးများကို ပုံမှန်ရှင်းလင်းပေးခြင်း၊ကန်အောက်ခြေရှိ ရေကို (၁-၂)ပေခန့်ကို လစဉ်ရေသစ်လဲပေးခြင်း၊ပိုက်စိပ်ဖြင့် ငါးကန်အောက်ခြေကို ဂျမ်းတိုက်ဆွဲပြီး စုပ်ခွက်ငါးကြီး၊ ငါးသေးများအားလုံးကို ဖမ်းယူဖယ်ရှားခြင်းဖြင့် အတော်အတန်ရှင်းလင်းနိုင်ပါသည်။

အကောင်းဆုံးမှာ ငါးကန်ကိုရေခန်းပြီး ငါးရိုင်းအားလုံးကို ရှင်းလင်းခြင်း၊ကန်ကို နေခြောက်လှမ်းခြင်း ရေသစ်သွင်းသည့်အခါ ဇကာစိပ်ဖြင့် အဆင့်ဆင့်စစ်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ အဆိုပါငါးမျိုးအား ကန်ထဲရောက်မှ ရှင်းလင်းခြင်းထက် ကန်ထဲမရောက်လာစေရန် ကြိုတင်ကာကွယ်ခြင်းက ပိုထိရောက်ပါသည်။

စုပ်ခွက်ငါး(ပလီကို)ကို စားသုံးရန် ဈေးတင်ရောင်းပြီး ချက်ပြုတ်နည်း ဖော်ပြထားခြင်းမျိုးကို ရှာဖွေနေဆဲ ဖြစ်ပါသည်။လက်တင်အမေရိကနိုင်ငံတချို့တွင် ငါးကင်လုပ်စားကြပြီး မြန်မာနိုင်ငံတွင်လည်း ငါးကင်ပြုလုပ်၍ အပျော်စားကြသည့် အခြေအနေလောက်ကိုသာ သိထားရပါသည်။ စားသည့်အခါတွင်လည်း ငါး၏ရှေ့ဘက် အမာပိုင်းကို ဖယ်ပြီး စားရသည်ဟုသိရသည်။သို့သော် ငါးရိကွာဖူလုံရေးနှင့်လူသားများအတွက် အာဟာရပိုမိုဖြည့်ဆည်းပေးနိုင်ရန် စုပ်ခွက်ငါးများကို စနစ်တကျချက်ပြုတ်စားသောက်နိုင်ရေးအတွက် နည်းလမ်းများကို ပူးပေါင်းရှာဖွေသွားရမည် ဖြစ်သည်။

## အသိပညာပေးခြင်း

ယခင်က အလှမွေးငါးအဖြစ် ပြည်ပမှတင်သွင်းလာသည့် စုပ်ခွက်ငါးများသည် ယခုအခါ မြန်မာနိုင်ငံ၏ မြစ်၊ ချောင်းများတွင် ပျံ့နှံ့ရှိသာမက ငါးမွေးမြူရေးကန်များအတွင်း ဝင်ရောက်မှုကြောင့် အဓိကထားမွေးမြူထားသော ငါးများနှင့်အပြိုင် အစာလုယူစားသုံးနေပါသဖြင့် အစာပိုမိုကုန်ကျပြီး လုပ်ငန်းရှင်များအရှုံးပေါ်ခြင်း၊ အဆိုပါငါး၏ဆူးတောင်မှာ မွေးမြူရေးငါးများ၏ ခန္ဓာကိုယ်အရေပြား၊ အကြေးခွံများကို ဒဏ်ရာအနာတရဖြစ်စေ၍ ရောဂါဖြစ်ပေါ်ခြင်း၊ နေထိုင်သည့်ဓလေ့ကြောင့် ကန်အောက်ခြေတာပေါင်များ ပျက်စီးစေပြီး ရေရှည်တွင် မြန်မာ့ဒေသရင်းငါးမျိုးစိတ်များနှင့် ရေမြေသဘာဝကိုပါ ထိခိုက်ပျက်စီးစေနိုင်ကြောင်း တွေ့ရှိရပါသည်။

သို့ပါသောကြောင့် အလှမွေးငါးဖြစ်သော စုပ်ခွက်ငါးကို မွေးမြူမည်ဆိုပါက ပြင်ပသို့ လွတ်ထွက်စေခြင်းမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် စုပ်ခွက်ငါးများအား သဘာဝရေပြင်တွင်တွေ့ရှိပါက ရေသတ္တဝါအစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုကြရန်(သို့မဟုတ်) သင့်လျော်သောနည်းလမ်းဖြင့် ဖယ်ရှားဖျက်ဆီးပါရန် ငါးလုပ်ငန်းဦးစီးဌာနမှ လည်းပညာပေးနှိုးဆော်ထားပါသည်။

## စုပ်ခွက်ငါး အသုံးဝင်ပုံ

စုပ်ခွက်ငါးများသည် အသားဓာတ်အထွက်နှုန်း နည်းပါးခြင်း၊ ပြာမှုန့်ပါဝင်မှု မြင့်မားခြင်း၊ အပြင်ဘက်အခွံမာကျောသဖြင့် ကိုင်တွယ်ရခက်ခဲခြင်းတို့ကြောင့် အသုံးမဝင်သည့်အတွက် အခြောက်လှန်း၍ အာဟာရဇီဝဒြပ်ဆိုင်ရာပါဝင်မှုအရ တိရစ္ဆာန်အစာအဖြစ် ပြင်ဆင်မှုတွင် ငါးစာမှုန့်အဖြစ် အသုံးပြုခြင်း၊ အခွံနှင့် အရိုးများသည် ကယ်လ်စီယမ်ဓာတ် ပါဝင်ခြင်းများကြောင့် ဖြည့်စွက်အစာအစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ပေသည်။

ကယ်လီဖိုးနီးယားပြည်နယ်မှ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် စုပ်ခွက်ငါးများကို ခွေးစာနှင့် ကြောင်စာပြုလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည့်အချိန်တွင် အဆိုပါစုပ်ခွက်ငါးပြဿနာမှာ အတော်လေးပြေလည်သွားခဲ့သည်။ စုပ်ခွက်ငါးကို အသားလွှာပြီး ယင်းအသားလွှာများကို ငါးအသားခြောက်ရသည်အထိ အဆင့်ဆင့်ပြုလုပ်ရပါသည်။ထို့နောက် အဆိုပါငါးအသားခြောက်များကို သေသပ်စွာထုပ်ပိုးပြီး တိရစ္ဆာန်အစာရောင်းသော ဆိုင်များသို့ တင်သွင်းကြပါသည်။ စုပ်ခွက်ငါးကို ငါးအသားခြောက်အဖြစ် ရောင်းရတာပိုအဆင်ပြေသည်ဟု သိရသည်။စုပ်ခွက်ငါးအသားခြောက်ကို ၂၀၂၁ တွင် တိရစ္ဆာန်အစာအဖြစ် စထုတ်ခဲ့ခြင်းဖြစ်ပြီး ၄င်းတွင် အဆီပါဝင်မှုနည်းပါးသောကြောင့် ခွေးနှင့်ကြောင်များ ကြိုက်နှစ်သက်ကြပြီး အများအပြားရောင်းရသည်ဟု သိရသည်။

အချုပ်အားဖြင့် ဆိုရသော်-

တိုင်းရင်းငါးမျိုးမဟုတ်သည့် စုပ်ခွက်ငါးများသည် သဘာဝရေပြင်အတွင်းသို့ လွတ်မြောက်ခဲ့သော်(သို့မဟုတ်) လွတ်မည်ဆိုပါက သဘာဝအရင်းအမြစ်များကို ပျက်စီးစေနိုင်ပြီး အန္တရာယ်ရှိသော ငါးမျိုးစိတ်ဖြစ်ပါသည်။ သို့ပါသောကြောင့် အလှမွေးငါးဖြစ်သော စုပ်ခွက်ငါးကို မွေးမြူမည်ဆိုပါက ပြင်ပသို့လွတ်ထွက်စေခြင်း မရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် စုပ်ခွက်ငါးအားသဘာဝရေပြင်တွင် တွေ့ရှိပါက ရေသတ္တဝါအစားထိုးကုန်ကြမ်းအဖြစ်အသုံးပြုကြရန် (သို့မဟုတ်) သင့်လျော်သောနည်းလမ်းဖြင့် ဖယ်ရှားဖျက်ဆီးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

References;
(1)Fish Base of Myanmar
(2)Inland Fisheries of Myanmar

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။



ဇော်ကြီး(ငါးဦးစီး)

# ငါးပုစွန်မွေးမြူရေးကဏ္ဍအပေါ် အယ်လ်နီညို၏ သက်ရောက်နိုင်မှုများကို ကာကွယ်ခြင်း

အယ်လ်နီညိုဆိုသည်မှာ ပုံမှန်ထက် ထူးကဲစွာ ပူနွေးလာသည့် အီကွေတာရပ်ဝန်း ပစိဖိတ်သမုဒ္ဒရာရှိပင်လယ်ရေပြင်အပူရှိန်ကြောင့် သမုဒ္ဒရာရေစီးကြောင်းများ၊ယင်းနှင့် ဆက်စပ်နေသော လေထုနှင့် ရေစီးကြောင်းများ ပြောင်းလဲကာ ပစိဖိတ်သမုဒ္ဒရာဝန်းကျင် ဒေသများအပြင် ယင်းဒေသများနှင့် ထိတွေ့ဆက်စပ်နေသော ဒေသများ၏ မိုးလေဝသ အခြေအနေ သက်ရောက်သည့်ဖြစ်စဉ်ကို ခေါ်သည်။

၂၀၂၃ ခုနှစ် နွေရာသီကို အပူဆုံးနှစ်အဖြစ် နာဆာမှ ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက မှတ်တမ်းတင်ထားကြောင်း သိရသည်။ နာဆာအဖွဲ့မှ လာမည့်နွေရာသီတွင် အခြားသောနှစ်များထက် ၀.၄၁° F ထက်ပိုပူမည်ဖြစ်ကြောင်းနှင့် ၁၉၅၁ ခုနှစ်၊ ၁၉၈၀ ခုနှစ် နွေရာသီ ပျမ်းမျှအပူချိန်ထက် ၂.၁ °F ပိုပူမည်ဖြစ်ကြောင်း ခန့်မှန်းထားကြသည်။ လက်ရှိတွင် ကနေဒါနှင့် ဟာဝိုင်ရီတို့၌ ပြင်းထန်သည့် တောမီးလောင်ကျွမ်းမှုနှင့် ကမ္ဘာတစ်ဝန်းအပူချိန်မြင့်မားမှုတို့ ဖြစ်ပေါ်နေသည့်အပေါ်မူတည်၍ လာမည့်နွေရာသီတွင် အပူချိန်မြင့်မားမှုကို တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ရာသီဥတုဆိုင်ရာ မိုးလေဝသပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ အပူချိန်ပြင်းထန်မှုကိုဖြစ်စေသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် ဖြစ်ပွားနေပြီး မုတ်သုန်အလွန်ကာလများတွင် အပူချိန်မြင့်မားမှုကို သတိပြု၍ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ပါသည်။

အယ်လ်နီညိုဖြစ်ပေါ်နေသည့် နှစ်များတွင် ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ရေရှားမှုပြဿနာများနှင့် ကြုံတွေ့ရခြင်း၊ မုတ်သုန်မိုးနည်းခြင်း၊ မုတ်သုန်လေအဝင်နောက်ကျခြင်း၊မုတ်သုန်လေစောထွက်ခြင်း၊ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှု ပုံမှန်အောက်လျော့နည်းခြင်း စသည့် မိုးလေဝသနှင့် ရာသီဥတု အပြောင်းအလဲဖြစ်စဉ်များကြောင့် ရေချို/ရေငန်ငါးပုစွန်ထုတ်လုပ်မှုကို သက်ရောက်နိုင်မည် ဖြစ်ပါသည်။

အယ်လ်နီညိုဖြစ်ရပ်ကြောင့် သမုဒ္ဒရာအပေါ်လွှာအား ပူနွေးစေပြီး ပင်လယ်ကြမ်းပြင်ရှိ အစာအာဟာရများသည် ရေမျက်နှာပြင်ပေါ်သို့ ရောက်ရှိရန် နှေးကွေးစေသောကြောင့် ရေသတ္တဝါများ၏ အစာအရင်းအမြစ်များ လျော့နည်းစေခြင်း၊ရေအရင်းအမြစ်များ၊ရေအရည်အသွေး၊ရေသတ္တဝါများ၏အစာကွင်းဆက်များကို အကျိုးသက်ရောက်ထိခိုက်စေနိုင်သဖြင့် ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိသင့်ပါသည်။

## အယ်လ်နီညိုကြောင့်ရင်ဆိုင်ကြုံတွေ့နိုင်မည့် အခြေအနေများကို ကြိုတင်ကာကွယ်ခြင်း

အယ်လ်နီညိုကြောင့် မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ နှစ်ဦးမှစ၍ အပူချိန် မြင့်တက်ခြင်း၊မုတ်သုန်ဝင်ရောက်မှုနောက်ကျခြင်း၊မုန်တိုင်းများ ဖြစ်ပေါ်ခြင်း၊ မိုးဦးကာလ မိုးရေရရှိမှုနည်းခြင်းစသည့် လက္ခဏာများ ကြုံတွေ့နေရပြီဖြစ်၍ မိုးနှောင်းပိုင်းနှင့် နွေရာသီကာလများတွင် ရေခန်းခြောက်ခြင်း၊အပူချိန် မြင့်မားခြင်း၊ ခြောက်သွေ့ခြင်းတို့ကြောင့် ငါးများ သေဆုံးခြင်း၊ ငါးနေငါးထိုင် ပျက်ယွင်းခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ရေးအတွက် ငါး/ပုစွန်မွေးမြူသူများနှင့် ရေလုပ်သားများမှအောက်ပါအသိပညာပေးလုပ်ငန်းများကို သိရှိဆောင်ရွက်ထားရှိသင့်ပါသည်-

(က)အယ်လ်နီညိုကြောင့် အပူချိန်မြင့်တက်ခြင်း၊မုတ်သုန်ဝင်ရောက်မှုနောက်ကျခြင်း၊မုန်တိုင်းဖြစ်ပေါ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်များအတွင်း ငါးများသေဆုံးပျက်စီးမှုမရှိစေရန်နှင့် ငါးမွေးကန်များတွင် မွေးမြူထားသောငါးများ အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ရုပ်မြင်သံကြားနှင့် သတင်းကွန်ယက် များတွင် ထုတ်ပြန်ကြေငြာနေသည့်အတွက် ထိုကြေငြာချက်များကို သိရှိထားရန်လိုခြင်း၊

(ခ)ရာသီဥတု ပြောင်းလဲမှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုက်ရိုက် ထိခိုက်မှုမှာ ရေချိုရရှိမှုပြောင်းလဲခြင်း၊အပူချိန်ပြောင်းလဲခြင်း၊ပင်လယ်ရေ မျက်နှာပြင်အမြင့်ပြောင်းလဲခြင်း၊ရေကြီးနစ်မြုပ်ခြင်းတို့ကြောင့် ငါးများ သွားလာရာ ငါးတက်/ငါးဆင်းလမ်းကြောင်းပြောင်းလဲခြင်း၊ငါးနေငါးထိုင် ပျက်ယွင်းခြင်းများ ဖြစ်ပေါ်နိုင်၍ ထို့သို့ ဖြစ်ပေါ်ပါက ငါးတက်ငါးဆင်းလမ်းကြောင်းများ ပြန်လည် ထိန်းသိမ်းပေးခြင်း၊

(ဂ)အပူချိန်ပြောင်းလဲမှုဆိုင်ရာဖိအားများသည် မွေးမြူထားသောငါးများ၏ အောက်စီဂျင်လိုအပ်မှုများနှင့် ဇီဝကမ္မဗေဒဆိုင်ရာများ ထိခိုက်စေခြင်းတို့ ဖြစ်ပေါ်စေသဖြင့် ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ခြင်း၊

(ဃ)အပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်လည်းကောင်း၊ ရေထုညစ်ညမ်းခြင်းနှင့် ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျော့ချခြင်း၊

(င)နံနက်ပိုင်း မိုးအုံ့သောရက်၊နှင်းကျသောရက်များနှင့် နေထွက်



ချီလီတွင် ဆော်လမွန်ငါးများ သေဆုံးနေမှု

စာ-၃ သို့